# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေမြှုပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 7 April 2021 ၁၀၃၄၀


# နိုင်ငံစီးပွား တိုးတက်ကောင်းမွန်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်၍ ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်လို

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသများနှင့် ကိုက်ညီသည့် ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့် ကုန်သွယ်မှု တိုးတက်လာမည်ဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

☆ **ပြည်သူများ စီးပွားရေးကောင်းမွန်မှသာ စိတ်ချမ်းသာစွာဖြင့် နေထိုင်နိုင်ကြမည်ဖြစ်**

☆ **ပြည်သူများ ဝင်ငွေရရှိစေရန် စက်ရုံ အလုပ်ရုံများ၊ လုပ်ငန်းများ ပြန်လည်လည်ပတ်ရန်လိုသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြည့်ဆည်းပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လို**

☆ **COVID-19 ဖြစ်ပွားမှုကြောင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်နေချိန်တွင် ဆူပူမှုများကြောင့် စီးပွားရေးထိခိုက်မှုများမရှိအောင် ဆောင်ရွက်ရန်လို**

## ကြေးမုံ ယနေ့ ဖတ်စရာ


မှောင်မိုက်သောနေ့တွေ ကုန်ဆုံးနိုင်ပါစေ

ဆောင်းပါး စာမျက်နှာ » ၆

ပြည်သူ့အတွက် မေတ္တာဝန်

ဆောင်းပါး စာမျက်နှာ » ၁၀

အပူရှိန်ပယ်ရှင်း အေးငြိမ်းခြင်းသို့ ရောက်ကြပါစေ

ဆောင်းပါး စာမျက်နှာ » ၁၅

ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ ဆဌမနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ » ၂၂

ကြေးမုံ

# လောကငြိမ်းချမ်းသာယာရေးကို ကြိုးပမ်းဆောင်ကြဉ်း

ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့သည် မိမိတို့လူ့အသိုက်အမြုံ ငြိမ်းချမ်းသာယာဝပြောရေး၊ မိမိတို့လူ့အသိုက်အမြုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးမျိုးအဖုံဖုံ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြသည်။ မည်သည့်လူမျိုး မည်သည့်ဘာသာဝင်မဆို ကောင်းသောစိတ်ထား၊ ကောင်းသောရည်မှန်းချက်များဖြင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှသာ ငြိမ်းချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်သည့် လူ့အသိုက်အဝန်းကို တည်ဆောက်နိုင်မည် ဖြစ်သည်။

အမှန်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံရုံမျှဖြင့် လောက၌ ငြိမ်းချမ်းသာယာမှုကို မရနိုင်၊ ထိုသို့မရနိုင်ကြောင်းကို ကမ္ဘာ့အတတ်ပညာရှင်များက သက်သေခံလျက်ရှိသည်။ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံရုံမျှဖြင့်လည်း လောက၌ ငြိမ်းချမ်းသာယာမှုကို မရနိုင်၊ ထိုသို့မရနိုင်ကြောင်းကို ကမ္ဘာ့အသိပညာရှင်များက သက်သေခံလျက်ရှိကြသည်။ သို့ရာတွင် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံမှုဖြင့်ကား လောက၏ငြိမ်းချမ်းသာယာရေးကို ဆောင်ကြဉ်းပေးနိုင်သည်ကို တွေ့ရသည်။ ထိုသို့ ဆောင်ကြဉ်းပေးနိုင်သည်ကို "ဓဟိ ပဿိက" တရားတော်က သက်သေခံလျက်ရှိပါသည်။

လောကငြိမ်းချမ်းသာယာရေးကို ဆောင်ကြဉ်းနိုင်ရန်အတွက် မကောင်းမှုကို ဖြစ်စေသည့် အကုသိုလ်စေတသိက် ၁၄ ပါးကို ရှောင်ကြဉ်ကြရန် လိုအပ်ပါသည်။ (၁) မောဟ = မသိတတ်ခြင်း၊ (၂) အဟိရိက = မရှက်တတ်ခြင်း၊ (၃) အနောတ္တပ္ပ = မကြောက်လန့်တတ်ခြင်း၊ (၄) ဥဒ္ဓစ္စ = စိတ်ပျံ့လွင့်ခြင်း၊ (၅) လောဘ = လိုချင်တပ်မက်ခြင်း၊ (၆) ဒိဋ္ဌိ = မှားမှားယွင်းယွင်း သိမြင်ခြင်း၊ (၇) မာန = ထောင်လွှားခြင်း၊ (၈) ဒေါသ = ကြမ်းတမ်းခြင်း၊ (၉) ဣဿာ = ငြူစူခြင်း၊ မနာလိုခြင်း၊ (၁၀) မစ္ဆရိယ = သူတစ်ပါးအား မရစေလိုခြင်း၊ ဝန်တိုခြင်း၊ (၁၁) ကုက္ကုစ္စ = နောင်တတစ်ဖန်ပူပန်ခြင်း၊ (၁၂) ထိန = ထုံထိုင်းခြင်း၊ (၁၃) မိဒ္ဓ = မှုန်မှိုင်းခြင်းနှင့် (၁၄) ဝိစိကိစ္ဆာ = ယုံမှားခြင်းတို့ကို ရှောင်ကြဉ်ကြရမည် ဖြစ်ပါသည်။

လောကငြိမ်းချမ်းသာယာရေးကို ဆောင်ကြဉ်းနိုင်ရန်အတွက် ကောင်းမှုပြုတိုင်းပါဝင်သော သောဘဏသာဓာရဏစေတသိက် ၁၉ ပါးတို့ကို အတတ်နိုင်ဆုံး ကျင့်ကြံအားထုတ်ကြရမည်ဖြစ်ပါသည်။ သဒ္ဓါ - ယုံကြည်ခြင်း၊ သတိ - အောက်မေ့အမှတ်ရခြင်း၊ ဟိရီ - ရှက်ခြင်း၊ ဩတ္တပ္ပ - ကြောက်လန့်ခြင်း၊ အလောဘ၊ အဒေါသ၊ စိတ်ငြိမ်းချမ်းခြင်း၊ စိတ်ပေါ့ပါးခြင်း၊ စိတ်နူးညံ့ခြင်း၊ စိတ်၏ခံ့ညားခြင်း၊ စိတ်ကျန်းမာခြင်း၊ စိတ်ဖြောင့်မတ်ခြင်း စသည့် စေတသိက်တရားတို့ကို အတတ်နိုင်ဆုံး ပွားများအားထုတ်ရမည် ဖြစ်ပါသည်။

ထို့အပြင် မကောင်းမှုကိုရှောင်ကြဉ်သည့် သမ္မာဝါစာ = အသက်မွေးမှုမပါဘဲ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်း၊ သမ္မာကမ္မန္တ = အသက်မွေးမှုမပါဘဲ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းနှင့် သမ္မာအာဇီဝ = အသက်မွေးမှုအတွက် ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက် သုံးပါးတို့ကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး ကရုဏာ၊ မုဒိတာ တရားနှစ်ပါးကိုလည်း ပွားများရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပုထုဇဉ်လူသားဖြစ်သောကြောင့် မကောင်းမှုတို့ကို အတတ်နိုင်ဆုံး ကြိုးစားရှောင်ကြဉ်၍ ကောင်းမှုစေတသိက် ၂၅ ပါးတို့ကို ဖြစ်နိုင်သမျှ ကြိုးပမ်းအားထုတ်ကြဖို့ တိုက်တွန်းအပ်ပါသည်။

စေတသိက်တို့သည် စိတ်ကိုမှီတွယ်၍ စိတ်ကိုခြယ်လှယ်သော သဘောဖြစ်သည်။ စိတ်သည် တစ်စုံတစ်ခုကို သိခြင်းမျှသာဖြစ်၍ စိတ်ချည်းသက်သက် အကောင်းအဆိုးမကွဲပြားသေးချေ။ စေတသိက်အမျိုးမျိုးနှင့် ပေါင်းစပ်ခြယ်လှယ်ခြင်းခံရမှသာ စိတ်သည်အကောင်းအဆိုးအမျိုးမျိုး ကွဲပြားလာရခြင်းဖြစ်ပါသည်။ ဖြူစင်သောရေကို ဆေးအရောင်များပေါင်းစပ်ခြယ်လှယ်လိုက်လျှင် မူလဖြူစင်သောအရောင်ပျောက်၍ ခြယ်လှယ်သည့်အရောင်အတိုင်း ပြောင်းလဲသွားသည်ကို သတိပြုမိဖို့လိုပါသည်။

ထို့ကြောင့် လောကငြိမ်းချမ်းသာယာရေးကို တကယ်တမ်းပေးနိုင်သော မြတ်စွာဘုရား၏ အဆုံးအမအတိုင်း ရုပ်ပိုင်းဆိုင်ရာပြည့်စုံမှုအရ လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာပြည့်စုံမှုအရ လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံမှုအရလည်းကောင်း အသုံးကျအောင် အသုံးချနိုင်ရေးအတွက် မြန်မာနိုင်ငံသားများအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။ ။


သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၆

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှိုပြည်ရခိုင်ပုံရိပ် အချပ်ပိုကို ဧပြီ ၁၄ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာ တိုင်းရင်းသားကဏ္ဍ အချပ်ပိုကို ဧပြီ ၁၅ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာ အချပ်ပိုကို ဧပြီ ၁၈ ရက်တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည် ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆-၄-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၄၀၀ | ၅၆ | ၄,၉၃၃,၄၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၁၅၈ | ၅၅၃,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၅၀ | ၁၆၇ | ၄၅၃,၉၀၀ |
| EFR | ၃,၁၅၀ | ၃,၁၅၀ | ၆ | ၁၈,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၉၅.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၆၄.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၈.၃၁ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၇.၆၈၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၂.၀၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၃၉၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၄၀.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၅.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၄.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၃.၄၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ရဟန်းသံဃာတော်များအနေဖြင့် ဘာသာရေးနှင့် ပတ်သက်၍ စိတ်မချမ်းမြေ့မှုများ ဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရ

☆ ရဟန်းသံဃာများ စိတ်လက်ချမ်းသာစွာ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လို

☆ မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှု ၈၇ ရာခိုင်နှုန်းရှိပြီး ဂုဏ်ထူးဝိသေသနှင့်လျော်ညီသည့် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတစ်ခုဖြစ်

☆ အခြားဘာသာဝင်များကိုလည်း စိတ်ချမ်းမြေ့စွာဖြင့် သက်ဆိုင်ရာ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်လို

☆ အခုအခါ မိမိတို့နိုင်ငံရှိ လူငယ်အများစုသည် ယဉ်ကျေးမှုများပျက်ပြားလာပြီး မိမိ၏မိဘကိုပင် စွန့်လွှတ်ခြင်း၊ ဘုန်းတော်ကြီးများနှင့် ဆရာ ဆရာမများကို ရိုင်းစိုင်းစွာစော်ကားခြင်းများအထိ ပြုလုပ်လာသည်ကို တွေ့ရှိရ

☆ မိမိတို့နိုင်ငံရှိလူငယ်များ စာရိတ္တကောင်းမွန်ရေးနှင့် ယဉ်ကျေးလိမ္မာမှုရှိစေရေး ပြန်လည်တည့်မတ်ပေးရန်လို

☆ ရှေ့ဖုံးမှ

ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နေပြည်တော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်၊ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တားသိန်းဇော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**COVID –19 ကာကွယ်ဆေး အမြန်ဆုံးထိုးနှံနိုင်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများတွင် ရောက်ရှိပြီးဖြစ်သည့် COVID –19 ကာကွယ်ဆေးများ ပြည်သူများအမြန်ဆုံးထိုးနှံနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ CDM ပြုလုပ်မှုများကြောင့် ကျန်းမာရေးဝန်ထမ်းလိုအပ်လျက်ရှိသည့် ဒေသများတွင် နယ်မြေခံတပ်များမှ ဆေးမှူးများ၊ သူနာပြုများနှင့် ပေါင်းစပ်၍ ပြည်သူများ COVID–19 ကာကွယ်ဆေး ထိုးနှံနိုင်ရန်အတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် COVID–19 ကြောင့် သေဆုံးမှုနှုန်းလျော့နည်းမှု မရှိသေးကြောင်း၊ မိမိတို့နိုင်ငံတွင် ရောဂါကူးစက်မှုနှုန်းနှင့်သေဆုံးမှု လျော့နည်းလာသော်လည်း မပေါ့ဆရန်လိုပြီး ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ COVID–19 ကာကွယ်ဆေးထိုးထားသော်လည်း ရောဂါကူးစက်နိုင်သေးသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID–19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နှစ်သစ်ကူးကာလမတိုင်မီ COVID–19 ရောဂါကာကွယ်ဆေး အလုံးရေ ၅ သိန်း ဆက်လက်ထိုးနှံရန်ရှိကြောင်း။

ပြည်သူများ စီးပွားရေးကောင်းမွန်မှသာ စိတ်ချမ်းသာစွာဖြင့် နေထိုင်နိုင်ကြမည်ဖြစ်ကြောင်း၊ ပြည်သူများဝင်ငွေရရှိစေရန် စက်ရုံအလုပ်ရုံများ၊ လုပ်ငန်းများ ပြန်လည်လည်ပတ်ရန်လိုသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြည့်ဆည်းပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ COVID–19 ဖြစ်ပွားမှုကြောင့် စီးပွားရေးထိခိုက်မှုများဖြစ်ပေါ်နေချိန်တွင် ဆူပူမှုများကြောင့် စီးပွားရေးထိခိုက်မှုများမရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ အလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းမွန်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ စီးပွားရေးကောင်းမွန်မှသာ တိုင်းပြည်တိုးတက်အေးချမ်းမည်ဖြစ်ကြောင်း။

**ကျောင်းမနေဖူးသူ ၃ ဒသမ ၇ သန်းရှိ**

ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း ကောက်ခံထားသည့် စာရင်းများအရ လုံးဝကျောင်းမနေဖူးသူ ၃ ဒသမ ၇ သန်းရှိကြောင်း၊ အဆိုပါ ကျောင်းမနေဖူးသူများသည် ပြည်နယ်များမှအများဆုံးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းရှိ ပြည်သူပြည်သားများ ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာသင်ကြားရေးသည် လူမှုရေးကိစ္စဖြစ်ပြီး ပြည်သူများစာတတ်မြောက်ရေးအတွက် စာဖတ်ဝိုင်းများ ပြုလုပ်ပေးရန်လိုကြောင်း၊ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ရဟန်းသံဃာတော်များအနေဖြင့် ဘာသာရေးနှင့်ပတ်သက်၍ စိတ်မချမ်းမြေ့မှုများ ဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ ရဟန်းသံဃာများ စိတ်လက်ချမ်းသာစွာ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှု ၈၇ ရာခိုင်နှုန်းရှိပြီး ဂုဏ်ထူးဝိသေသနှင့်လျော်ညီသည့် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတစ်ခုဖြစ်ကြောင်း၊ အခြားဘာသာဝင်များကိုလည်း စိတ်ချမ်းမြေ့စွာဖြင့် သက်ဆိုင်ရာ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ အခုအခါ မိမိတို့နိုင်ငံရှိ လူငယ်အများစုသည် ယဉ်ကျေးမှုများပျက်ပြားလာပြီး မိမိ၏မိဘကိုပင်စွန့်လွှတ်ခြင်း၊ ဘုန်းတော်ကြီးများနှင့် ဆရာ ဆရာမများကို ရိုင်းစိုင်းစွာစော်ကားခြင်းများအထိ ပြုလုပ်လာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံရှိလူငယ်များ စာရိတ္တကောင်းမွန်ရေးနှင့် ယဉ်ကျေးလိမ္မာမှုရှိစေရေး ပြန်လည်တည့်မတ်ပေးရန်လိုကြောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)မှလည်း လူငယ်များ ယဉ်ကျေးလိမ္မာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ တတ်ကျွမ်းစေရေးအတွက်လည်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ ဘာသာတရားများနှင့်အညီ ယဉ်ကျေးလိမ္မာမှုရှိစေရေး တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းပေးရန်လိုကြောင်း။

**ငွေကြေးတန်ဖိုးကျဆင်းနေ**

နိုင်ငံစီးပွားရေးကောင်းမွန်မှသာ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုးခိုင်မာလာမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလိုငွေပြနေခြင်းများကြောင့် ယခုအခါ မိမိတို့ငွေကြေးတန်ဖိုးကျဆင်းနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံစီးပွား တိုးတက်ကောင်းမွန်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်၍ ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသများနှင့်ကိုက်ညီသည့် ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့် ကုန်သွယ်မှုတိုးတက်လာမည်ဖြစ်ကြောင်း၊ သယံဇာတများထုတ်ယူသုံးစွဲခြင်းထက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပနိုင်ငံများသို့တင်ပို့၍ စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ သမဝါယမလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ အခြားနိုင်ငံများတွင်လည်း သမဝါယမစနစ်ဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်ရှိပြီးဖြစ်သည့် မြေခံ၊ ရေခံနှင့် လူ့စွမ်းအားအရင်းအမြစ်များအား အသုံးချရန်လိုကြောင်း၊ အခြေခံလူတန်းစားများ အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးပြီး စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မူဝါဒများ ချမှတ်ပေးမည်သာဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဆူပူဆန္ဒပြမှုများ ဖြစ်ပွားခဲ့မှုနှင့် ဆူပူမှုများလျော့နည်းလာမှု၊ ကျန်းမာရေးဝန်ထမ်းအချို့ CDM ပြုလုပ်မှုကြောင့် ပြည်သူများ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်မှု အခက်အခဲဖြစ်ပေါ်ခဲ့သဖြင့် နယ်မြေခံတပ်မတော်ဆေးရုံများမှ ဆေးမှူးများ၊ သူနာပြုများဖြင့် ပူးပေါင်း၍ ပြည်သူများကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ပိတ်ထားသည့်ဆေးရုံအချို့ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု၊ ပြည်သူများ၏ကျန်းမာရေး၊ အုပ်ချုပ်ရေးနှင့် ဘာသာရေးဆိုင်ရာများ ဆောင်ရွက်ပေးနေမှု၊ ဘဏ်များ ဖွင့်လှစ်နေမှု၊ COVID–19 ရောဂါကာကွယ်ရေးဆောင်ရွက်နေမှု၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နယ်စပ်ဒေသကုန်သွယ်ရေးဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်နေမှု၊ ပြည်သူများမှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးနေမှု၊ စက်ရုံအလုပ်ရုံအနည်းငယ်မှအပ ကျန်သည့်စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်နေမှု၊ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပေးနေမှုနှင့် နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ခွင့်မပြု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုဗစ်ကာလဖြစ်သည့်အတွက် သင်္ကြန်ပွဲတော်နှင့်ပတ်သက်ပြီး သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ခွင့်မပြုဘဲ စည်းကမ်းများနှင့်အညီ ရေပက်ကစားခြင်းအား ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ အားကစားပွဲများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြင်ပအားကစားပွဲများ ကျင်းပပြုလုပ်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်မြင့်မားမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ One Village ၊ One Product ဆိုသည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများအား အရည်အသွေးမီစွာဖြင့် ထုတ်လုပ်စေလိုကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ပါက ခရီးသွားလုပ်ငန်းများနှင့် ပြည်ပပို့ကုန်များ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးရေးဇုန်နှင့် စက်မှုဇုန်များဖွင့်လှစ်၍ လုပ်ငန်းများအား ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်၊ ပြည်သူလူထုအား ဒီမိုကရေစီအသိ၊ အမြင်နှင့် ဖက်ဒရယ်အသိ၊ အမြင်ရှိအောင် တာဝန်ရှိသူများအနေဖြင့် ရှင်းလင်းပြောကြားရမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

- **NLD အစိုးရသည် ငြိမ်းချမ်းရေးဆောင်ရွက်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ လက်နက်ကိုင်တိုင်းရင်းသား တစ်ဖွဲ့ချင်းစီ၏ ဆောင်ရွက်မှု သမိုင်းကြောင်း၊ အယူအဆများ မတူညီသည်ကိုတွေ့ရ**
- **ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ရန် လိုအပ်**
- **NLD ပါတီအစိုးရ တာဝန်ယူခဲ့သည့်ကာလတွင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်းအချို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုနှင့်ပတ်သက်၍ စိတ်ပျက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးတွင် ထင်သလောက် အောင်မြင်မှုမရှိခဲ့**

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး သဘင်ဆောင်၌ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒနိနိုယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံအား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရမှု၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ပြောကြားလိုကြောင်း၊ နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရမှုနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပေါ်ခဲ့သော မဲမသမာမှုဖြစ်စဉ် ဖြစ်ပွားခဲ့မှုကြောင့် အခြေခံ၍ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရခြင်းဖြစ်ကြောင်း။

အထွေထွေရွေးကောက်ပွဲများကျင်းပ

မိမိတို့နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အထွေထွေရွေးကောက်ပွဲများကျင်းပခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြည်ခိုင်ဖြိုးပါတီက အနိုင်ရရှိခဲ့ကြောင်း၊ အဆိုပါရွေးကောက်ပွဲသည် မိမိတို့နိုင်ငံအတွက် ပထမဆုံးအတွေ့အကြုံဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် အဓိကအတိုက်အခံပါတီကြီးများ မရှိသည့်အတွက် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်တွင် NLD ပါတီအနေဖြင့် အတိုက်အခံပါတီအနေဖြင့် ရပ်တည်ခဲ့သော်လည်း သပိတ်မှောက်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အနိုင်ရခဲ့သည့်ပါတီအနေဖြင့် အစိုးရဖွဲ့ပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်တွင် ပါတီစုံပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆(ဂ)ကို ပြင်ဆင်ပေးခဲ့ပြီး ပုဒ်မ ၁၀ (င)ကို ပယ်ဖျက်ပေးခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် NLD ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရခဲ့သည့်အတွက် ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်တော်က ကော်မတီတစ်ခု၏ဥက္ကဋ္ဌအဖြစ် တာဝန်ကို ပေးအပ်နေရာပေးခဲ့ကြောင်း။

ထိုစဉ်က နိုင်ငံတော်သမ္မတဖြစ်သည့် ဦးသိန်းစိန်အနေဖြင့်လည်း တတ်နိုင်သမျှ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍများကို ကြိုးစားလုပ်ဆောင်ခဲ့ကြောင်း၊ သို့သော်လည်း ရင်ဆိုင်ရသည့်ပြဿနာများ ကြီးမားပါကြောင်း၊ လုံခြုံရေးအပိုင်းတွင် ရခိုင်ပြည်နယ်အရေးကိစ္စ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်အရေးကိစ္စ၊ ကချင်ပြည်နယ်တွင် လိုင်ဇာအရေးကိစ္စများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲရလဒ်ဖြင့် ပေါ်ပေါက်လာသည့် အစိုးရအပေါ် ပြည်သူလူထုအနေဖြင့် အားမလိုအားမရဖြစ်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီသည် ပြောင်းလဲချိန်တန်ပြီဆိုသည့် ကြွေးကြော်သံဖြင့် စည်းရုံးဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် NLD ပါတီအပေါ် မျှော်လင့်ခဲ့သော်လည်း ဘာသာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အလွဲအမှားများကြောင့် ဗုဒ္ဓဘာသာနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် ၈၀ ရာခိုင်နှုန်းကျော်ရှိသည့် ဗုဒ္ဓဘာသာဝင်များ စိတ်နှလုံးမအေးချမ်းမှုများဖြစ်ခဲ့ရကြောင်း၊ သို့သော်လည်း မိမိတို့တပ်မတော်အနေဖြင့် ရွေးကောက်ပွဲရလဒ်ဖြင့် ဖြစ်ပေါ်လာသည့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပါတီခေါင်းဆောင်များက အာဏာလွှဲပြောင်းရေးကိစ္စနှင့်ပတ်သက်၍ မိမိနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မိမိအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ ဆောင်ရွက်ရန်ပြောကြားခဲ့ကြောင်း။

စာမျက်နှာ ၅ သို့ ◘

- **ပြည်သူလူထု၏ အကျိုးစီးပွားကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနိုင်မှသာ ပြည်သူလူထုက မိမိတို့ အစိုးရအဖွဲ့ကို ယုံကြည်လာမည်ဖြစ်**
- **ပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးရန်နှင့် အာမခံချက်ပေးနိုင်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်**

စာမျက်နှာ ၄ မှ

သို့သော်လည်း လွှတ်တော်ကျင်းပသည့်အခါ နိုင်ငံတော်အတိုင်ပင်ခံ ဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၇ ၏ ပေးထားချက်အပေါ်အခြေခံပြီး နိုင်ငံတော်အတိုင်ပင်ခံ ဥပဒေကို ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းဥပဒေကို ပြဋ္ဌာန်းခြင်းမပြုရန် အကြံပြုပြောကြားခဲ့ကြောင်း၊ သို့သော်လည်း မိမိတို့ အနေဖြင့် ဒီမိုကရေစီစနစ်အရ အများဆန္ဒကို လိုက်လျောခဲ့ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံဥပဒေပြဋ္ဌာန်းပြီးနောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ကို ခန့်အပ်၍ နိုင်ငံတော်အဆင့် ဝါစဉ်ထုတ်ပြန်သည့်အခါ နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတတို့အကြားတွင် အဆင့်ထားရှိထုတ်ပြန်ခဲ့ ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်း သတ်မှတ်ချက်များ ရှိပြီးဖြစ်ကြောင်း၊ ယင်းမှာ ဥပဒေကို ကျော်လွှန်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ NLD ပါတီ အစိုးရတာဝန် ယူပြီး ၂ နှစ်၊ ၃ နှစ်ကြာသည့်အခါ ပြည်သူလူထုက အားမလို အားမရ ဖြစ်လာသည်ကို တွေ့ရကြောင်း၊ ဒီမိုကရေစီစနစ်တွင် ငြိမ်းချမ်းရေး ရရှိရန် အရေးကြီးကြောင်း၊ သမ္မတ ဦးသိန်းစိန် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် စတင်ဖိတ်ခေါ် ဆောင်ရွက်ခဲ့ရာ လေးနှစ်အကြာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် NCA ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

### ငြိမ်းချမ်းရေးတွင် ထင်သလောက်အောင်မြင်မှုမရှိ

NLD အစိုးရသည် ငြိမ်းချမ်းရေးဆောင်ရွက်ရန် ဆောင်ရွက်ခဲ့ ကြောင်း၊ မိမိတို့နိုင်ငံ၌ လက်နက်ကိုင် တိုင်းရင်းသားတစ်ဖွဲ့ချင်းစီ၏ ဆောင်ရွက်မှု သမိုင်းကြောင်း၊ အယူအဆများ မတူညီသည်ကိုတွေ့ရ ကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ NLD ပါတီအစိုးရ တာဝန်ယူခဲ့သည့် ကာလတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းအချို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုနှင့် ပတ်သက်၍ စိတ်ပျက်မှုများဖြစ်ပေါ်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးတွင် ထင်သလောက် အောင်မြင်မှုမရှိခဲ့ကြောင်း။

- CDM **လှုပ်ရှားမှုသည် နိုင်ငံဖျက်သည့် လှုပ်ရှားမှုဖြစ်**
- CDM **လှုပ်ရှားမှုကို** Country Destroyer Movement **ဟု ပြောလို**

မိမိအနေဖြင့် ငြိမ်းချမ်းရေးသည် အရေးကြီးသော်လည်း စီးပွားရေး ကဏ္ဍတိုးတက်ကောင်းမွန်ပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် ပိုမို လျင်မြန်မှုရှိလာနိုင်မည်ဖြစ်သဖြင့် စီးပွားရေးကို ဦးစားပေးဆောင်ရွက် ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ NLD အစိုးရလက်ထက်တွင် နိုင်ငံတကာအကူအညီ အထောက်အပံ့ များစွာရရှိခဲ့ကြောင်း၊ သို့သော် လည်း ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုဘဏ္ဍာငွေနှင့် ကုန်သွယ်မှု လိုငွေများ နှစ်စဉ်ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၁၈ ခုနှစ်တွင် ပြည်သူ လူထုအနေဖြင့် No Vote လှုပ်ရှားမှုများ ဆောင်ရွက်လာသည်ကို တွေ့ရကြောင်း၊ ဥပမာအနေဖြင့် ၂၀၁၉ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ၏ ၁၄ ရာခိုင်နှုန်း သာ မဲပေးခဲ့သည်ကို တွေ့ရကြောင်း၊ အချို့မြို့နယ်များတွင် ၄ ရာခိုင်နှုန်း ခန့်သာ မဲပေးခဲ့သည်များရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲ သည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် တပ်မိသားစုများ နှင့် တွေ့ဆုံသည့်အခါတိုင်း မဲပေးရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ သတင်းထုတ်ပြန်၍ No Vote မလုပ်ရန် ပြည်သူလူထုအားလည်း အသိ ပေးခဲ့ကြောင်း။

**နိုင်ငံရေးတွင် စစ်မှန်ရိုးသားသည့် နိုင်ငံရေး၊ တရားမျှတမှုရှိသည့် နိုင်ငံရေးကိုသာ ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် တတိယအကြိမ် NCA နှစ်ပတ်လည် အထူးအစည်းအဝေးတွင် စတင်ပြောကြားခဲ့ကြောင်း၊ နောင်ကျင်းပသည့် အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၌လည်း လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ရိုးသားသည့် နိုင်ငံရေး ဖြစ်စေရေး၊ နိုင်ငံရေးလက်စားချေမှုမျိုး မဆောင်ရွက်စေရေး ပြောကြား ခဲ့ကြောင်း၊** ၂၀၂၀ ပြည့်နှစ်တွင် COVID -19 ရောဂါဖြစ်ပွားခဲ့ကြောင်း၊ COVID -19 ရောဂါကြောင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက် ရန် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခဲ့မှုပေါ် မိမိတို့အနေဖြင့် နားလည် ကြောင်း၊ သို့သော်လည်း အာဏာရပါတီ၏ စည်းမျဉ်းစည်းကမ်း ချိုးဖောက်ပြီး မဲဆွယ်စည်းရုံးရေးဆောင်ရွက်မှုကို သက်ဆိုင်ရာအဖွဲ့ အစည်းများက မျက်နှာသာပေးဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံရေးပါတီများ ကို ကန့်သတ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းအချိန်တွင် အဓိက ယှဉ်ပြိုင်ကြမည့် NLD ပါတီ၊ USDP ပါတီနှင့် UDP ပါတီတို့အနက် ကိုယ်စားလှယ် ၁၁၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည့် UDP ပါတီကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး ဥပဒေနှင့်မညီသည့်အတွက် ဖျက်သိမ်း ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲတွင် ပြည်သူများ လုံခြုံ စိတ်ချစွာ မဲပေးနိုင်ရေးအတွက် လုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေး ခဲ့ကြောင်း၊ **NLD ပါတီသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲမသမာမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြို့နယ် ၃၁၅ မြို့နယ်တွင် မဲမသမာမှုဟုယူဆရသည့် အရေအတွက် ၁၀ သန်းကျော် ကို စစ်ဆေးတွေ့ရှိရကြောင်း၊ မဲစာရင်းဖောင်းပွအောင်လုပ်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင် မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့်စာမေးပွဲကို မတန်တဆ အမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင် သည်နှင့် တူနေပါကြောင်း။**

### ချက်ချင်းသဘောတူ

ယင်းကိစ္စကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရှင်းလင်းပေးရန် ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှု မရှိခဲ့ကြောင်း၊ တပ်တွင်းမဲရုံများ ပြင်ပ၌ ထားရှိရန်ကိစ္စကိုလည်း မိမိ အနေဖြင့် ချက်ချင်းသဘောတူခဲ့ကြောင်း၊ သို့သော်လည်း တပ်မဲရုံများ ပါဝင်သည့် မြို့နယ်၏ မဲစာရင်းအားကြည့်ရှုရန် တောင်းခံသည့်အခါ မပေးခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ် ဖွဲ့စည်း ပြီးနောက် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ မြို့နယ် ၉၈ မြို့နယ်တွင် မဲစာရင်းများ စစ်ဆေးဆောင်ရွက်ခဲ့ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်မဲစာရင်းနှင့် လဝကမဲစာရင်း ၄ သန်းလောက် ကွာခြားနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးထားသူ တစ်သန်း ကျော်ရှိပြီး ၉၈ မြို့နယ်အတွင်း မဲလက်မှတ်များ ရေတွက်ကြည့်ချိန်တွင် ထုတ်ယူမှု ၁၄ သန်းကျော်ရှိသော်လည်း အသုံးပြုမှု ၉ သန်းကျော်ရှိကြောင်း၊ မဲလက်မှတ် ၅ သန်းကျော် ပျောက်ဆုံးနေသည်ကို တွေ့ရကြောင်း၊ တပ်မတော်မှ တွေ့ရှိခဲ့သည့် မဲမသမာမှုနှင့်စပ်လျဉ်း၍ ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်း အဝေးကို ခေါ်ယူ၍ ဖြေရှင်းပေးရန် စာပို့ခဲ့သော်လည်း ဥပဒေအရ ဆောင်ရွက်၍မရဟု အကြောင်းပြခဲ့ကြောင်း၊ အဓိကမှာ လွှတ်တော် ကျင်းပမှုကို ရက်ရွှေ့ပေးရန် တတိယအဖွဲ့အစည်းတစ်ခု အပါအဝင် စစ်ဆေးရေးအဖွဲ့ဖြင့် မဲစာရင်းစစ်ဆေးရန် တောင်းဆိုခဲ့သော်လည်း လက်မခံခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယာယီသမ္မတ၏ တာဝန်ပေးချက်အရ အရေးပေါ် အခြေအနေ ကြေညာပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ခြင်းသာ ဖြစ်ကြောင်း၊ အာဏာသိမ်းခြင်း မဟုတ်ကြောင်း၊ ခေတ္တတာဝန်ယူ ထိန်းသိမ်းခြင်းဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နှင့် အစိုးရအဖွဲ့တွင်လည်း အရပ်သားများဖြင့်သာ အများဆုံးဖွဲ့စည်း ထားကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း အလားတူ ဖြစ်ကြောင်း၊ ခရိုင်အုပ်ချုပ်ရေး၊ မြို့နယ်အုပ်ချုပ်ရေးများတွင်လည်း အလားတူ တာဝန်ခွဲဝေပေးထားခြင်းဖြစ်ကြောင်း၊ **အစိုးရတစ်ရပ် ဆိုသည်မှာ နိုင်ငံတော်ကို ကောင်းမွန်အောင်နှင့် အာမခံချက်ပေး နိုင်အောင် လုပ်ဆောင်ရန် တာဝန်ရှိကြောင်း။**

ဖေဖော်ဝါရီ ၃ ရက်ကစပြီး ဆန္ဒပြဖော်ထုတ်မှုများရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဆူပူမှု၊ အကြမ်းဖက်မှု၊ တိုက်ခိုက်မှု၊ လူသတ်မှု၊ လုယက် ဖျက်ဆီးမှု၊ မီးရှို့မှုများ လုပ်ဆောင်လာကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ကျည် အစစ်ဖြင့် ပစ်ခတ်မှုမျိုးဆောင်ရွက်ခြင်းမပြုဘဲ ရော်ဘာကျည်ဖြင့်သာ ခြောက်လှန့်ပစ်ခတ်ခဲ့ကြောင်း၊ ဆူပူမှုအကြမ်းဖက်မှုဖြစ်စဉ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၁၆ ဦး သေဆုံးပြီး ၂၆၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့သည် တိုင်းပြည်တရားဥပဒေ စိုးမိုးရေးအတွက် တာဝန်ထမ်းဆောင်ရင်း သေဆုံး၊ ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ပြင် ဆူပူဆန္ဒပြသူ ၂၄၈ ဦး သေဆုံးခဲ့သည့်အတွက် သေမှုသေခင်းဖွင့်လှစ်ထားကြောင်း။

ဆန္ဒပြသူများထံမှ ပစ္စတိုသေနတ်၊ ဗိုင်းတူးတူး၊ လေသေနတ်၊ လက်ပစ်ဗုံး၊ လက်လုပ်ဗုံး၊ အခြားလက်နက်ပစ္စည်းတွေကို သုံးလာ ကြောင်း၊ ယင်းကို မီဒီယာများက အဖြစ်မှန်ကို မဖော်ပြဘဲ ရိုးရိုး သားသားဆန္ဒပြမှုအဖြစ် ပုံဖော်နေကြောင်း၊ ပြည်တွင်း မီဒီယာများကို ထိန်းသိမ်းနိုင်သော်လည်း အွန်လိုင်းနှင့် နိုင်ငံတကာသတင်းများကို မထိန်းသိမ်းနိုင်ကြောင်း၊ **CDM လှုပ်ရှားမှုသည် နိုင်ငံဖျက်သည့်လှုပ်ရှားမှု ဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုကို Country Destroyer Movement ဟု ပြောလိုကြောင်း၊** အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာတွင်လည်း ဆန္ဒပြမှုများရှိသော်လည်း စီးပွားရေးလုပ်ငန်းများ ပျက်စီးအောင် မလုပ် ဆောင်ကြကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံ၌ ဆေးရုံ၊ ကျောင်း၊ လမ်း၊ ရုံးဌာနများ စက်ရုံ အလုပ်ရုံများ လည်ပတ်၍မရအောင် CDM ဆောက်ရွက်မှုသည် တိုင်းပြည်ပျက်စီးအောင် ဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုအား အရေးပေါ် ဆေးကုသပေးလျက်ရှိကြောင်း၊ တပ်မတော်ဆေးရုံများတွင် လာရောက် ကုသသူ ၁၁၀၀၀၀ ကျော်ရှိပြီး အတွင်းလူနာ ၃၅၀၀၀ ကျော်ရှိကြောင်း၊ လက်ရှိတွင် ၄၀၀၀ ကျော် ကုသပေးလျက်ရှိပြီး မွေးလူနာ ၆၉၀၀ ကျော် ကိုလည်း အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်းများ အမြန် ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများ ပြန်လည်မဖွင့်လှစ်နိုင်ပါက တိုင်းပြည်အတွက် များစွာ နစ်နာပါကြောင်း၊ ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ဆက်တွင် ဝန်ထမ်း များကြား NGO၊ INGO များက စည်းကမ်းမဲ့ ဒီမိုကရေစီပုံစံများ ဖြစ်အောင် ရိုက်သွင်းခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်သူများအနေဖြင့် ထဘီများတွင် ဘုန်းတော်ကြီးပုံများ ချိတ်ဆွဲဆောင်ရွက်မှုများသည် သာသနာတော်အပေါ် စော်ကားခြင်းဖြစ်ကြောင်း၊ ဆေးရုံများ ပိတ်ထား သည့်အတွက် ပြည်သူများ ဒုက္ခရောက်ရကြောင်း၊ ယင်းကို တပ်မတော် အနေဖြင့် တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် နာဂဒေသသို့ သမ္မတဦးသိန်းစိန်နှင့် ရောက်ရှိခဲ့စဉ်က နာဂ ဒေသ၌ ဆရာဝန်များ လိုအပ်ချက်များရှိကြောင်း သိရသဖြင့် တပ်မတော် အနေဖြင့် ဆရာဝန်အရာရှိ ၄၄ ယောက် စေလွှတ်ပေးခဲ့ကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုများကို ကြည့်သည့်အခါ ၁၉၉၇ ခုနှစ်တွင် ၁၅၉၂၁၀၉ ဦး ကျောင်းနေခဲ့သော်လည်း ၅ တန်းတက် သည့်အချိန်တွင် ၃၄ ဒသမ ၇၁ ရာခိုင်နှုန်းသာ တက်ရောက်နိုင်ခဲ့ကြောင်း၊ ၆၅ ရာခိုင်နှုန်းမှာ ၅ တန်းတွင်သာ ရပ်သွားပြီး ဆယ်တန်းရောက်ချိန် တွင် ၁၇ ရာခိုင်နှုန်းကျော်သာ ကျန်ရှိတော့ပါကြောင်း။

### ပြန်လည်ဆန်းစစ်ရန်လို

ပညာရေးစနစ်၌ တန်းစဉ်ကူးပြောင်းမှု အတန်းပညာတတ်မြောက် မှု များစွာနည်းပါးသည်ကို တွေ့ရကြောင်း၊ အခြေခံပညာအထက်တန်း စာမေးပွဲ အောင်မြင်မှုမှာလည်း ရာခိုင်နှုန်းများစွာ နည်းပါကြောင်း၊ အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်မှု နည်းပါးရခြင်းမှာ ယခင် နဝမတန်း သင်ခန်းစာများကို တတ်မြောက်ခဲ့မှုနည်းပါးခဲ့၍ ဖြစ်နိုင် ကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ် လေ့လာအကဲဖြတ်၍ အတန်းတင် ပေးသည့်စနစ်အပေါ် ပြန်လည်ဆန်းစစ်ရန် လိုအပ်နိုင်ကြောင်း၊ သို့ဖြစ် ၍ ပညာရေးနှင့်ပတ်သက်ပြီး အမှန်တကယ် စာတတ်အောင် ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် **ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံ့ ဝန်ထမ်းများ၏ အခန်းကဏ္ဍမြှင့်တင်ပေးနိုင်ရန် ဆရာ ဆရာမများကို အရည်အချင်းနှင့်အညီ ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ဆရာဝန်များလည်း အလားတူဖြစ်ပါကြောင်း၊ ဝန်ထမ်း များကိုလည်း သင့်လျော်သည့် ခံစားခွင့်ရအောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။**

ဘဏ္ဍာငွေသုံးစွဲမှုများကိုလည်း အတတ်နိုင်ဆုံး ချွေတာဆောင် ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအတွက် အရေးကြီးသည့် ကျန်းမာ ရေး၊ ပညာရေးနှင့် လုံခြုံရေး ကဏ္ဍများတွင် လုံလောက်သောငွေကြေး သုံးစွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့တာဝန်ယူချိန်၌ ရှေ့တွင်တာဝန်ယူခဲ့သည့် ဒီမိုကရေစီ အစိုးရနှစ်ရပ် ဆောင်ရွက်ခဲ့သည်ကို သင်ခန်းစာရယူပြီး ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ မဲအောင်နိုင်မှုအတွက် ငွေကြေးထောက်ပံ့မှု များ ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ လုပ်ငန်းရှင်များကလည်း အာဏာရှိသည့်သူများကို ချဉ်းကပ်ရာတွင် အဂတိနှင့် ငြိစွန်းနေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် **အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ အနေဖြင့် ကိုယ့်ကိုယ်ကိုယ် အလိုမလိုက်စေချင်ကြောင်း၊ ဥပဒေနှင့်အညီ သာ ဆောင်ရွက်စေလိုကြောင်း၊ ရောင့်ရဲတင်းတိမ်စိတ်နှင့် ဆောင်ရွက် ရန်လိုကြောင်း။**

စာမျက်နှာ ၇ သို့

# မှောင်မိုက်သောနေ့တွေ ကုန်ဆုံးနိုင်ပါစေ

**ကျွန်တော်တို့ရပ်ကွက်ထဲမှာ နေထိုင်ကြတဲ့ သက်ကြီးရွယ်အို သုံးလေးယောက်လောက် ယခုရက်ပိုင်းအတွင်း ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြတာကို သတိထားမိလိုက်ပါတယ်။ လူတစ်ဦးတစ်ယောက်ဟာ အကြောင်းတစ်ခုခုကြောင့် ကွယ်လွန်သွားတယ်ဆိုရင် များသောအားဖြင့် ဆေးရုံအနေအထိုက်ကနေတစ်ဆင့် အသုဘ ချကြတာ များကြပေမယ့် ယခုကျွန်တော်တို့ရပ်ကွက်က ကွယ်လွန်သူ ဘကြီး၊ အမေကြီးတွေကို နေအိမ်ကနေ အသုဘချတာတွေမြင်ရတော့ အထူးအဆန်းလိုလို လိုက်လံမေးမြန်းကြည့်မိပါတယ်။**

ကိုရေချမ်း

CDM ဆေးရုံတွေ

အဲဒီဘကြီး၊ အမေကြီးတွေ ကွယ်လွန်ရတဲ့ အကြောင်းရင်းက ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ အသက်အရွယ်အိုမင်းပြီး ဇွဲ ပါးသော ရောဂါအခံနဲ့ ဖြစ်ရိုးဖြစ်စဉ် ကွယ်လွန်သွားတာပါ။ ဒါပေမယ့် ထူးဆန်းတာက ဆေးရုံကို မသွားနိုင်တော့ဘဲ ကိုယ့်အိမ်မှာပဲ အတတ်နိုင်ဆုံးပြုစုစောင့်ရှောက်ကြပြီး ဘဝတစ်ခု အဆုံးသတ်သွားတာဖြစ်ပါတယ်။ ဘကြီး၊ အမေကြီးတွေ ဘာဖြစ်လို့ ဆေးရုံကို မသွားနိုင်ကြတာလဲ။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ကျန်းမာရေးဝန်ထမ်းတွေ CDM လုပ်နေကြတဲ့အတွက် အချို့ပြည်သူ့ဆေးရုံကြီးတွေ ယနေ့ထက်တိုင် ပိတ်ထားဆဲဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ဖွင့်နိုင်တဲ့ အချို့ပြည်သူ့ဆေးရုံတွေ ကျပြန်တော့လည်း ဆရာဝန်၊ သူနာပြုတွေ မရှိတာ၊ မလုံလောက်တာတွေကြောင့် အခက်အခဲဖြစ်ကြရပါတယ်။

ကျွန်တော်တို့ မြို့နယ်ရပ်ကွက်နဲ့ အနီးဆုံးပြည်သူ့ဆေးရုံကြီးကတော့ ယနေ့ထက်တိုင် ပိတ်ထားဆဲပါပဲ။ ယခုဆိုရင် နှစ်လကျော်ကြာ ပိတ်ထားတဲ့ ပြည်သူ့ဆေးရုံကြီးကို မြင်ရသူတွေအဖို့ စိတ်မချမ်းမသာဖြစ်ကြပါတယ်။ ကျွန်တော်တို့ရပ်ကွက်ထဲက အဘဘိုးသက်ရှည်က **"စစ်ဖြစ်နေတာတောင် ဖွင့်နိုင်ခဲ့တဲ့ ဒီဆေးရုံကြီးဟာ ခုများတော့ သြချလောက်ပါရဲ့"**လို့ ဆိုလိုက်တဲ့ မြည်တွန်တောက်တီးသံကို ကြားခဲ့ရပါတယ်။ ရပ်ကွက်နေ ပြည်သူတွေရဲ့အဆိုအရ ရောဂါတစ်စုံတစ်ခု ဖြစ်လာရင် ဖြစ်နိုင်သလောက် ဆေးရုံကို မသွားကြတော့တာများပြီး မဖြစ်မနေသွားကြတဲ့သူတွေက ငွေကြေးတတ်နိုင်တဲ့သူတွေ၊ ရှိတာတွေကို ရောင်းချ၊ ပေါင်နှံ၊ ချေးငှားနိုင်တဲ့သူတွေဖြစ်ပြီး သူတို့က ပုဂ္ဂလိကအထူးကုဆေးရုံတွေကို သွားကြပါတယ်။ တပ်မတော်ဆေးရုံတွေမှာ ပြည်သူတွေလည်း ကုသနိုင်တယ်လို့ ကြားသိကြပေမယ့် သူတို့အကြောင်းနဲ့သူတို့ မသွားကြသူတွေ ရှိပါတယ်။

အသေစောကြ

ကျွန်တော်တို့ရပ်ကွက်က အထက်ကဖော်ပြခဲ့တဲ့ ဘကြီး၊ အမေကြီးတွေရဲ့ မိသားစုဘဝတွေက လက်ရှိမှာ အလုပ်အကိုင်တွေမရှိသလို မပြည့်စုံကြတဲ့သူတွေ ဖြစ်ပါတယ်။ အဲဒီမှာ မိသားစုသုံးစုဟာ အခုကာလအတွင်းမှာ နိုင်ငံရေးတက်ကြွလှုပ်ရှားကြတဲ့သူတွေဖြစ်ပြီး တစ်စုကတော့ အားကိုးအားထား ကျောထောက်နောက်ခံမရှိတဲ့သူ ဖြစ်ပါတယ်။ အခုကွယ်လွန်ခဲ့တဲ့ သက်ကြီးရွယ်အိုတွေဟာ အသက်အရွယ်နဲ့ ရောဂါအခံကြောင့် သေဆုံးရတာလို့ဆိုတာထက် စိတ်ကြောင့် အသေမြန်တယ်လို့ ဆိုနိုင်ပါတယ်။ မြန်မာ့ဆေးကျမ်းမှာ လူတစ်ယောက်ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရနဲ့ အသက်ရှင်သန်တယ်လို့ ဆိုပါတယ်။ အခုဖြစ်ကြတာကတော့ ကံကလည်းကုန်၊ ဥတုအခြေအနေကလည်းမကောင်း၊ အသက်အရွယ်ကြီးပြီး ပြည့်စုံမှုမရှိတော့ အာဟာရကချို့တဲ့၊ အဘက်ဘက်က အားနည်းနေပြီဖြစ်တဲ့ ဘိုးဘွားတွေ အိပ်ရာထဲမှာ ဖုတ်လိုက်ဖုတ်လိုက် ညည်းတွားလဲလျောင်းနေနေရတဲ့အချိန်မှာ နေ့နေ့ညည ရပ်ကွက်ထဲမှာ ဆူပူထုနှက်သောင်းကျန်းနေတဲ့ အသံတွေကို ကြားနေရတော့ စိတ်နှလုံးထိတ်လန့်ထိခိုက်ကြပြီး အလျင်အမြန်ပဲ ကွယ်လွန်ကြတာလို့ မှတ်ချက်ချချင်ပါတယ်။ ကျွန်တော်တို့လို အသက်အရွယ်ရပြီး ကျန်းမာသေးတဲ့လူတွေတောင် အနိဋ္ဌာရုံတွေကို နေ့စဉ်မြင်တွေ့နေရလို့ နှလုံးပိုင်းဆိုင်ရာတွေ အရင်လို လန်းလန်းဆန်းဆန်း မရှိတော့ဘူးလို့ ထင်ရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လူတစ်ယောက်ဟာ ရောဂါတစ်ခုခုကြောင့် ကျန်းမာရေးဖောက်ပြန်လာရင် ဆေးရုံတွေ၊ ဆရာဝန်တွေဆီ အမြန်ဆုံးပြေးချင်ကြတဲ့သူတွေပါပဲ။ ပြန်လည်ကျန်းမာလာရင် ကုသပေးတဲ့ ဆရာဝန်ကို သတိရမဆုံး၊ ကျေးဇူးတင်မဆုံးပါပဲ။ ရန်ကုန်မြို့မှာရှိတဲ့ ပြည်သူ့ဆေးရုံကြီးတွေဟာ ခေတ်အဆက်ဆက် ပြည်သူတွေအားလုံး အားထားခဲ့ရတဲ့ ဆေးရုံကြီးတွေဖြစ်ပါတယ်။ အခုအခါမှာတော့ ပိတ်တဲ့ဆေးရုံကပိတ်၊ ဆရာဝန်မရှိတဲ့ဆေးရုံက ဆရာဝန်မရှိ၊ သူနာပြုမရှိတဲ့ဆေးရုံက သူနာပြုမရှိနဲ့ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးသမိုင်းမှာ တစ်ခါမှ မကြုံဖူးတဲ့အဖြစ်ပါပဲ။ အထက်က အဘဘိုးသက်ရှည် ပြောသလိုပါပဲ ၁၉၈၈ ခုနှစ် အရေးအခင်းကြီးဟာ ယခုထက် အဆပေါင်းများစွာ ကြီးမားပါတယ်။ တစ်တိုင်းပြည်လုံး ဆူပူအုံကြွမှုတွေဖြစ်လို့ အလုပ်တွေပိတ်နေပေမယ့် ဆေးရုံတွေအားလုံးမှာ ရှိကြတဲ့ ဆရာဝန်၊ သူနာပြုတွေအားလုံး အလုပ်မပျက်လုပ်ခဲ့ကြပါတယ်။

ဆရာဝန်ဂုဏ်သိက္ခာ

၂၀၂၁ ခုနှစ် ဆေးရုံတွေရဲ့ အဖြစ်အပျက်တွေဟာ အံ့သြမကုန်နိုင်ဖွယ်ရာ အဖြစ်တွေပါပဲ။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲ စတင်ဖြစ်တဲ့အချိန်မှာ CDM ဇာတ်ညွှန်းကို စတင်ဖြန့်ထုတ်ခဲ့သူဟာ မင်းကိုနိုင်ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဆုံး CDM စလုပ်တဲ့ဌာနဟာ ကျန်းမာရေးဌာနဖြစ်ပါတယ်။ တကယ်တော့ ကျန်းမာရေးဌာနက CDM လုပ်တာ မဟုတ်ပါဘူး။ ဆေးပညာရှင်၊ ဆရာဝန်၊ သူနာပြုတွေက မင်းကိုနိုင်ရဲ့ဇာတ်ညွှန်းကို သရုပ်ဖော်ကြတာ ဖြစ်ပါတယ်။ မင်းကိုနိုင်ဟာ နိုင်ငံရေးစင်မြင့်ပေါ်မှာ တစ်ကိုယ်တော်လှုပ်ရှားသူအဖြစ် ရပ်တည်နေပေမယ့် ပြည်ပအထောက်အပံ့ ဖြစ်နေမယ်ဆိုရင်တော့ အပေါစားနိုင်ငံရေးသမားဖြစ်ပါလိမ့်မယ်။ ဆရာဝန်တွေဟာ မွန်မြတ်တဲ့ နှလုံးလှပိုင်ရှင်တွေဖြစ်လို့ မင်းကိုနိုင် ချပေးတဲ့လမ်းကို လိုက်ကြမယ်ဆိုရင် ဆရာဝန်ဂုဏ်သိက္ခာကျလှပါတယ်။

လမ်းမှားကို လျှောက်မိလို့ လမ်းမှန်ပေါ်ကို ပြန်ရောက်အောင်လုပ်နိုင်တဲ့သူကို လူတော်လို့ ဆိုနိုင်သော်လည်း လမ်းမှားကို ဆက်လျှောက်နေတဲ့သူကိုတော့ မိုက်မဲသူလို့သာ ဆိုရပါလိမ့်မယ်။ ရုံးဝန်ထမ်းတွေဟာ CDM လုပ်ချင်လုပ်နိုင်သော်လည်း ကျန်းမာရေး၊ လျှပ်စစ်၊ မီးသတ်ဌာနတွေဟာ CDM မလုပ်သင့်တဲ့ ဌာနတွေ ဖြစ်ပါတယ်။ အကယ်၍ အဲဒီဌာနတွေ CDM လုပ်ခဲ့မယ်ဆိုရင် ပြည်သူတွေပဲ ဒုက္ခရောက်ကြမယ်ဆိုတာ သာမန်အားဖြင့်ပင် သိနိုင်ပါတယ်။ ဒါပေမယ့် ပြည်သူတွေရဲ့ဘဝတွေ၊ ပြည်သူတွေရဲ့ မျက်နှာတွေကို မထောက်ထားဘဲ CDM လုပ်ခဲ့ကြလို့ အရေးပေါ်ဖြစ်ခဲ့ကြတဲ့ ပြည်သူတွေရဲ့ ဝေဒနာတွေနဲ့ ဆုံးရှုံးခဲ့ရတဲ့ဘဝတွေဟာ ဘယ်လိုမှ ပြန်မရနိုင်တော့ပါဘူး။ ကြားသိခဲ့ရတဲ့ နာကျင်ကြေကွဲစရာအဖြစ်တွေကြောင့်စိတ်မကောင်းဖြစ်ရပါတယ်။

လူနာအသက်ဆုံးရှုံး

ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ CDM ကြောင့် လူတစ်ယောက်ရဲ့အသက်ကို မကယ်လိုက်နိုင်တဲ့ သတင်း စတင်ကြားသိခဲ့ရပါတယ်။ တပ်မတော်က ဖေဖော်ဝါရီလ ၁ ရက်နေ့ နိုင်ငံ့တာဝန်ယူလိုက်ပြီး မကြာမီ CDM ဆိုတာ ချက်ချင်းလူထုကြားမှာ ပျံ့နှံ့သွားပြီး ဆရာဝန်တွေက စတင်အကောင်အထည်ဖော်လိုက်ပါတယ်။ ဆရာဝန်အားလုံးကို မဆိုပါဘူး။ ဆရာဝန်ကျင့်ဝတ်ကိုလိုက်နာတဲ့ ဆရာဝန်တွေ ရှိပါတယ်။ အဲဒီနေ့မနက်က ဆေးရုံကို ရောက်လာတဲ့ နှလုံးရောဂါအသည်းအသန်လူနာဟာ ဆရာဝန်တွေ CDM လုပ်နေလို့ ကုသပေးနိုင်မှု မရှိခဲ့ပါဘူး။ ရောက်လာတဲ့ ဆရာဝန်ငယ်ကလည်း အရေးပေါ် မလုပ်တတ်လို့ လူနာအသက်ဆုံးရှုံးခဲ့ရပါတယ်။ လူနာအသက်ဆုံးရှုံးသွားတော့ ကိုဗစ်ရောဂါပိုးတွေ့တယ်ဆိုပြီး ချက်ချင်းသဂြိုဟ်လိုက်လို့ မိသားစု မလိုက်ရဘဲ အထုပ်ပိုက် စောင့်နေခဲ့ရပါတယ်။ နောက်မှ မိသားစုကိုလည်း ရောဂါပိုးစစ်မယ်ဆိုပြီး ကွာရန်တင်းစင်တာကို တစ်ပတ်ပို့လိုက်ပေမယ့် စစ်ပေးမယ့်လူမရှိလို့ ပြန်လာခဲ့ရပါတယ်။

နောက်တစ်ခါ လင်မယားနှစ်ဦးရန်ဖြစ်ပြီး လက်လွန်သွားလို့ ခေါင်းကွဲသွားတာကို ဆေးရုံကို လာပြတာ ဆေးရုံပိတ်ထားလို့ ဖွင့်တဲ့ဆေးရုံကို လိုက်ရှာတာ လမ်းမှာတင် သွေးထွက်လွန်ပြီး သေဆုံးသွားခဲ့ပါတယ်။ ဆေးရုံတွေမှာ ကလေးမီးဖွားပေးတာကို နေ့စဉ်လိုလို ပြုလုပ်ကြရပါတယ်။ ကလေးမီးဖွားရင် ပထမဆုံး ဆရာဝန်လိုအပ်သလို အဓိကက သူနာပြုဆရာမတွေဖြစ်ပါတယ်။ ပုဂ္ဂလိကဆေးရုံမှာ မီးဖွားရင် ငွေကျပ် ခုနစ်သိန်း၊ ရှစ်သိန်းကုန်ပြီး ပြည်သူ့ဆေးရုံတွေမှာ အကုန်အကျမရှိပါဘူး။ ဆရာဝန်တွေ၊ သူနာပြုတွေ CDM လုပ်ကြတော့ မီးဖွားကြတဲ့ မိခင်နဲ့ကလေးတွေ ဒုက္ခရောက်ကြရပါတယ်။ ဖေဖော်ဝါရီလကုန်က မန္တလေးဗဟို အမျိုးသမီးဆေးရုံကြီးမှာ အကြောင်းအမျိုးမျိုးနဲ့ ကလေးအလောင်း ၁၂၆ လောင်းကို သဂြိုဟ်ဖို့ ပျက်ကွက်ပြီး CDM နဲ့ ရှောင်တိမ်းသွားသူသတင်းကို စိတ်ပျက်ဖွယ် ကြားသိခဲ့ရပါတယ်။

မိဘဖြစ်မှားတဲ့ CDM

ကင်ဆာဝေဒနာ ခံစားနေရသူ ကလေးငယ်တစ်ဦးနဲ့ ကလေးမိခင်တို့ ကင်ဆာဆေးသွင်းချိန် ဆေးရုံကြီးကိုသွားတဲ့အခါ သူနာပြုဆရာမတွေ ရှိလို့ လုပ်ဆောင်စရာများ လုပ်ဆောင်နိုင်ပေမယ့်လည်း ဆရာဝန်မရှိလို့ ဆေးမသွင်းရဘဲ ပြင်ပမှာ ငွေအများအပြား အကုန်အကျခံခဲ့ရတဲ့အဖြစ်ကိုလည်း ကြားသိရတယ်။ တိုက်နယ်ဆေးရုံတစ်ရုံမှာ မြွေကိုက်ခံရလို့ လာပြတဲ့လူနာ ဆရာဝန်မရှိလို့ အသက်ဆုံးပါးသွားရတဲ့ အဖြစ်ကိုလည်း စိတ်မကောင်းစွာ ကြားသိရပါတယ်။ နောက်တစ်ခုက ဆရာဝန်ညီအစ်ကိုနှစ်ယောက်က ဖခင်ဖြစ်တဲ့သူကို ကျေးဇူးကန်းတဲ့အဖြစ်က မြန်မာ့လူ့ဘောင်ယဉ်ကျေးမှုမှာ အမည်းစက်ကြီးအဖြစ် တွေ့ရပါတယ်။ ဖခင်က စစ်သားဖြစ်လို့ ဖခင်အဖြစ် အသိအမှတ်ပြုခြင်းကို တစ်သက်တာရပ်စဲလိုက်ပါသတဲ့။ ဆရာဝန်ဖြစ်အောင် စစ်သားကြီးက ချွေးနဲ့သွေးနဲ့ ပခုံးထမ်း မြှောက်စားပေးခဲ့တဲ့ ကျေးဇူးကိုမှ မထောက်ထားလို့ မိဘကိုပြစ်မှားတဲ့ CDM လို့တောင် ဆိုရမလိုဖြစ်ပါတယ်။

အဲဒီအဖြစ်အပျက်တွေဟာ ကျွန်တော်တို့ လူ့ဘောင်လောကမှာ ယနေ့လက်တွေ့ ဖြစ်ပျက်နေတာတွေထဲက အချို့ဖြစ်ပါတယ်။ အခြား ကျွန်တော်မသိသေးတဲ့ အဖြစ်အပျက်တွေ၊ CDM ကြောင့် လူနာတွေရဲ့ ပေးဆပ်လိုက်ရတဲ့အသက်တွေ အများကြီးရှိပါတယ်။ အဲဒီအဖြစ်အပျက်တွေကို ပုဂ္ဂလိကမီဒီယာ၊ လူမှုကွန်ရက်စာမျက်နှာတွေမှာ တွေ့နိုင်ခဲ့ပါတယ်။ CDM ကိစ္စဟာ အစိုးရဆန့်ကျင်ရေးသီအိုရီတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ပြည်သူတွေအတွက် ဘေးထွက်ဆိုးကျိုးကင်းတယ်လို့ ဘယ်သူမှ အာမခံမထားပါဘူး။ အထူးသဖြင့် လူမှုစီးပွားနိမ့်ကျတဲ့နိုင်ငံမျိုးမှာ အစိုးရပြုတ်ကျရေးထက် ပြည်သူတွေအတွက် ဘေးထွက်ဆိုးကျိုး ကြီးမားလှပါတယ်။

မှောင်မိုက်တဲ့ဘဝတွေ

နိုင်ငံတကာနဲ့ယှဉ်ရင် ကျန်းမာရေးအဆင့်အတန်း နိမ့်ကျနေသေးတဲ့ မြန်မာနိုင်ငံမှာ ဆရာဝန်တွေ၊ သူနာပြုတွေ CDM လုပ်တာဟာ ရောဂါဝေဒနာခံစားနေရတဲ့ ပြည်သူတွေ သေတော့လို့လုပ်လိုက်သလို ဖြစ်စေပါတယ်။ CDM ရဲ့ အကျိုးရလဒ် ဘာမှန်းမသိလိုက်သေးတဲ့အချိန်မှာ ရောဂါဝေဒနာရှင်တွေရဲ့ အသက်တွေဟာ ဆုံးရှုံးသွားခဲ့ပါပြီ။ ဆရာဝန်ကဲ့သို့ ပညာရှင်ဝန်ထမ်းတွေဟာ ပညာမာနနဲ့ ကိုယ့်အယူအဆနဲ့ကိုယ် ရှိသင့်ပါတယ်။ သီအိုရီသမားတွေရဲ့ စမ်းသပ်ကွင်းထဲကိုဝင်ပြီး ပြည်သူတွေခံစားနေကြရတဲ့ မှောင်မိုက်တဲ့ဘဝတွေ အဆုံးသတ်စေချင်ပါပြီ။

"ကျွန်ုပ်တို့သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂိလာနလူပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး အစွမ်းကုန်စောင့်ရှောက်ပါအံ့" "ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစား၍ ကာကွယ်စောင့်ရှောက်ပါအံ့" "ကျွန်ုပ်သည် သမားကောင်းတစ်ဦး၏ ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့် ဂုဏ်သိက္ခာအစဉ်အလာကို ထိန်းသိမ်းပါအံ့"ဆိုတဲ့ ကျင့်ဝတ်တွေ ထွန်းကားပြီး ပြည်သူတွေ အသက်ရှင်သန်နိုင်ရေး ကွယ်ပျောက်နေတဲ့ မှောင်မိုက်တဲ့နေ့တွေ အမြန်ဆုံးကုန်ဆုံးပါစေ။ ။

**အဲဒီအဖြစ်အပျက်တွေဟာ ကျွန်တော်တို့ လူ့ဘောင်လောကမှာ ယနေ့လက်တွေ့ ဖြစ်ပျက်နေတာတွေထဲက အချို့ဖြစ်ပါတယ်။ အခြား ကျွန်တော်မသိသေးတဲ့အဖြစ်အပျက်တွေ၊ CDM ကြောင့် လူနာတွေရဲ့ ပေးဆပ်လိုက်ရတဲ့အသက်တွေ အများကြီးရှိပါတယ်။ အဲဒီအဖြစ်အပျက်တွေကို ပုဂ္ဂလိကမီဒီယာ၊ လူမှုကွန်ရက်စာမျက်နှာတွေမှာ တွေ့နိုင်ခဲ့ပါတယ်။ CDM ကိစ္စဟာ အစိုးရဆန့်ကျင်ရေးသီအိုရီတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ပြည်သူတွေအတွက် ဘေးထွက်ဆိုးကျိုးကင်းတယ်လို့ ဘယ်သူမှ အာမခံမထားပါဘူး။ အထူးသဖြင့် လူမှုစီးပွားနိမ့်ကျတဲ့နိုင်ငံမျိုးမှာ အစိုးရပြုတ်ကျရေးထက် ပြည်သူတွေအတွက် ဘေးထွက်ဆိုးကျိုး ကြီးမားလှ။**

# မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင် ထမ်းဆောင်ကြရန်လို

**မိမိတို့အနေဖြင့် တပ်မတော်ကို စွမ်းရည်စွမ်းအားမြင့်မားသည့်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့် တပ်မတော်ဖြစ်အောင် အမြဲတမ်း လေ့လာ၊ လေ့ကျင့်၊ လိုက်နာကြရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကောင်းမွန်မှသာလျှင် Team work ရရှိပြီး အဖွဲ့လိုက်စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတာဝန်ကို ရိုးရိုးသားသားနှင့် ကျေပွန်အောင် ထမ်းဆောင်ကြရန် လိုကြောင်း၊ တစ်ဦးချင်း အသိစိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုနှင့် မိမိတပ်ကို ကောင်းအောင်ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၂ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

❂ စာမျက်နှာ ၅ မှ

တစ်နိုင်ငံလုံး လူမှုစီးပွားဘဝ မြင့်တက်လာစေရေးအတွက် ဆင်းရဲချမ်းသာ ကွာဟမှုလျော့ချရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်မှုညီမျှအောင် ဆောင်ရွက်ရန်၊ မြို့ပြနှင့်ကျေးလက် ကွာဟမှုလျော့ချရန်လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသည့် အဓိကလိုအပ်ချက် ၄ ချက်ရှိကြောင်း၊ ၎င်းတို့မှာ လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ်ကောင်းမွန်စေရေးနှင့် လူ့သားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေရေးတို့ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ပိတ်ထားသည့်ဆေးရုံများနှင့် စက်ရုံ၊ အလုပ်ရုံများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတကာနယ်ပယ်တွင်လည်း ဝင်ဆန့်မည်ဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြရသူများဖြစ်သဖြင့် ၎င်းလုပ်ငန်းများကို တိုးတက်အောင် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြေပေါ်မြေအောက် သဘာဝသယံဇာတများ ထုတ်ယူရောင်းချမှုကို ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ သစ်တောများ စိမ်းလန်းစိုပြည်စေရေးအတွက် တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် သစ်တောများ စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် သဘာဝသယံဇာတပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန် အချောထည်များအဖြစ်သာ တင်ပို့ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဆိုလာနည်းပညာဖြင့် လျှပ်စစ်ထုတ်ယူနိုင်ရေးကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်သူများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များတစ်ခုစီသာရှိသဖြင့် ကောလိပ်များ၊ သိပ္ပံကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်သူလူထု၏ အကျိုးစီးပွားကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနိုင်မှသာ ပြည်သူလူထုက မိမိတို့အစိုးရအဖွဲ့ကို ယုံကြည်လာမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးရန်နှင့် အာမခံချက်ပေးနိုင်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူလူထုအား ဒီမိုကရေစီ အသိ၊ အမြင်နှင့် ဖက်ဒရယ်အသိ၊ အမြင်ရှိအောင် တာဝန်ရှိသူများအနေဖြင့် ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်ခံ၍ မရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် အသိအမြင်ရှိရေးတို့ကို မိမိတို့တာဝန်ယူသည့်ကာလအတွင်း ဆောင်ရွက်နိုင်မှသာ မှတ်ကျောက်တင်ခံရမည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ဥပဒေအသိပညာရှင်များ၊ စီးပွားရေးအသိပညာရှင်များ ပိုမိုများပြားလာစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်အဆင့်အလိုက် ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ပြီးဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများဖြင့်သာ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အိမ်နီးချင်းနိုင်ငံများနှင့်ဆက်စပ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံအားလုံးသည် မိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ သို့သော် အချို့သောနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများရှိ၍ နိုင်ငံတကာဆက်ဆံရေးအား သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

သတင်းစဉ်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၁၀ / ၂၀၂၂

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးဝင်းတည်
(၂) ဦးကျော်စိုးလင်း
(၃) ဦးထွန်းထွန်းဦး

အမိန့်အရ

(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၁၁ / ၂၀၂၂

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစိုးတင့်အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဘဏ်များ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

နေပြည်တော် ဧပြီ ၆

ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့ဝန်ထမ်း သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရှိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ယာဉ်လိုင်းများ နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ (၆၄)ကြိမ်မြောက် အဘိဓမ္မာ (၇)ကျမ်း အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဧပြီ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ (၆၄) ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ဦးမောင်ကြီးတန်ဆောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပပြုလုပ်ရာ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များ၊ စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိဗ္ဗာနာစခုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက် နိုင်ငံတော် သံဃမဟာနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတာက ပြဝါဒကထာ ချီးမြှင့်တော်မူပြီး သန္တာရုံ(ဆား)ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမေဓာဘိက အောင်ဘိသိတ်သွန်းမင်္ဂလာ ဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်သည်။ ယင်းနောက် မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာက အဘိဓမ္မာနိဂုံးဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက သံဃာတော် ၆၇ ပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝေဠုဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစက္ခဏာဘိဝံသ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ လှူဖွယ်ပစ္စည်းများ၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၆

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့ဝန်ထမ်း သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့ဦးဘုန်းတော်ကြီးကျောင်း၊ မြို့မဘုန်းတော်ကြီးကျောင်း၊ ခတ်စွမ်းဟုန် ဘုန်းတော်ကြီးကျောင်း၊ မိုင်းဖြတ်မြို့ တောင်တန်းသာသနာပြုဘုန်းတော်ကြီးကျောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ သုမေဓာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာ ကျိုက်ဒေးဝိကျောင်းတိုက်တို့ရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ ကိုဗစ်-



၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ သုမေဓာရာမကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မွေသုခကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့ဝန်ထမ်း သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ မဟာသုမေဓာရာမတောရကျောင်းတိုက်၌ ဟတ္ထရေဖောင်ဒေးရှင်းက ကြီးမှူးဖွင့်လှစ်လျက်ရှိသော ယဉ်ကျေးလိမ္မာဆရာဖြစ်/ အမြင့်ဖွင့်သင်တန်းတွင် လိုအပ်သည်များ အသုံးပြုနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လှိုင်းဘွဲ့တပ်နယ်မှ တာဝန်ရှိသူများက အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းတိုက်ဆရာတော်ထံသို့ သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ယင်းအပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့ဦးဘုန်းတော်ကြီးကျောင်း၊ မြို့မဘုန်းတော်ကြီးကျောင်း၊ ခတ်စွမ်းဟုန် ဘုန်းတော်ကြီးကျောင်းနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ သုမေဓာရာမကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့ဝန်ထမ်းသီလရှင်များအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများ အကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ(၄) ရက်မှ (၁၁)ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာ အဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်သွယ်ထား သည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာ ထားရှိပြီးဖြစ်ပါသည် –

(က) **လေ့ကျင့်ခန်းဧရိယာ(၁)**

(၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(ခ) **လေ့ကျင့်ခန်းဧရိယာ(၂)**

(၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၆ မိနစ်

(ဂ) **လေ့ကျင့်ခန်းဧရိယာ(၃)**

(၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်


(၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွား လာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ် များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါ သည်။

**စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်း (နှစ်ဖက်တပ်ပါ) လေ့ကျင့်ခန်း- ဆင်ဖြူရှင်(၁/၂၀၂၂) လေ့ကျင့်ခန်းဧရိယာပြပုံ**




## ပါရဂူဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့ကြိုသင်တန်း လျှောက်လွှာများ ၁၂-၄-၂၀၂၂ ရက်နေ့အထိ လျှောက်ထားနိုင်

နေပြည်တော် ဧပြီ ၆

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သော ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ပါရဂူ ဘွဲ့ကြို (Ph.D Prelim) သင်တန်းတက်ရောက် ရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ပုံစံ ဖြင့် ၆-၄-၂၀၂၂ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းစာများတွင် ကြော်ငြာခေါ်ယူထားပြီး ဖြစ်သော်လည်း အဆိုပါ နောက်ဆုံး လျှောက်ထားရမည့် ၆-၄-၂၀၂၂ ရက်အစား ရက်တိုးမြှင့်၍ ၁၂-၄-၂၀၂၂ ရက် (တနင်္လာနေ့)အထိ လျှောက်ထားနိုင်ကြောင်း ပညာရေးဝန်ကြီးဌာနက ထပ်မံ ကြေညာ ထားကြောင်း သိရှိရသည်။ သတင်းစဉ်

## ရန်ကုန်မြို့ရှိဈေးများ ပုံမှန်စည်ကားလျက်ရှိ

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့တွင် စည်ပင်သာယာဈေးများ၊ ကိုယ်ပိုင်ဈေးများ၊ Shopping Mallများ၊ ပလာဇာများ၊ အိမ်ဆိုင်များမှာ ဈေးရောင်းသူ၊ ဈေးဝယ်သူများဖြင့် ပြန်လည်စည်ကားလျက်ရှိသည်။

ဧပြီ ၆ ရက်က ဆိပ်ကြီးခနောင်တိုမြို့နယ် မြို့မဈေး၊ အင်းစိန်လေဟာပြင်ဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးသစ်၊ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂) ဈေး၊ လှိုင်မြို့နယ် သီရိမင်္ဂလာဈေး၊ လှိုင်သာယာမြို့နယ် ရွှေရင်အေးဈေးတို့မှာ စားသောက်ကုန်များ၊ ကုန်စိမ်းများ၊ သားငါးများ၊ ဟင်းသီးဟင်းရွက်များကို ပြည်သူများ စိတ်အေးချမ်းသာစွာ ဈေးရောင်း၊ ဈေးဝယ်လျက်ရှိသည်။ သတင်းစဉ်



# ပြည်သူ့အတွက် မေတ္တာဝန်

စာချစ်သူ

တစ်နေ့က အမေ့ကိုယ်စား အငြိမ်းစားဝန်ထမ်း ပင်စင်လစာ သွားထုတ်ဖြစ်သည်။ ခါတိုင်းဆို အမေကိုယ်တိုင် မြေးမငယ်လက်ကိုဆွဲကာ သွားထုတ်လေ့ရှိသော်လည်း ယခုမူ နာမကျန်းဖြစ်နေ၍ ကျွန်တော်က ကိုယ်စားသွားထုတ်ပေးရခြင်း ဖြစ်ပါ၏။ တကယ်တော့ အမေသည်ပင်လျှင် ကွယ်လွန်သူ

**"မင်းတို့ ဝန်ထမ်းဘဝက ထွက်မပစ်နဲ့ကွ၊ အစိုးရဝန်ထမ်းဆိုတာ ဘဝအာမခံချက်ရှိတယ်။ အင်္ဂလိပ်အစိုးရ မြန်မာပြည်ပြန်ဝင်လာတော့ ဝန်ထမ်းတွေကို ဂျပန်ခေတ်က လစာတွေ အကုန်လုံးပြန်ထုတ်ပေးခဲ့တယ်ကွ။ ဂျပန်ငွေစက္ကူတွေကို ရုပ်ပစ်ပြီး အင်္ဂလိပ်ငွေစက္ကူအသစ်တွေပဲ ပြန်ပေးတာ"**

အဖေ့အငြိမ်းစားဝန်ထမ်းလစာကို ဆက်ခံသူ ဖြစ်လေသည်။

ရန်ကုန်မြို့လယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲရှေ့ကိုရောက်လို့ တန်းစီတော့ ကိုယ့်ရှေ့တွင် လူ ၅၀ ကျော်၊ ကိုယ့်နောက်တွင်လည်း လူ ၅၀ ကျော်။ အများစုမှာ ကိုယ်တိုင်လာရောက်ထုတ်ယူကြသော အငြိမ်းစားလူကြီးသူမများ ဖြစ်ကြသည်။ ကျွန်တော့်အနီးက အဘနှင့် စကားစမြည်ပြောရင်း အသက်ကို မေးကြည့်တော့ ၈၄ နှစ်ကျော်၊ ဟိုးခပ်လှမ်းလှမ်းက ကြီးကြီးက အသက် ၇၀ ကျော်ခန့်။ သူတို့သည် တစ်ချိန်က နိုင်ငံ့တာဝန်များကို ဦးဆွေးဆံမြည့် ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြသည်။ ဂုဏဂုဏ်၊ ဝယဂုဏ်တည်းဟူသော ဂုဏ်အားဖြင့်၊ အသက်အားဖြင့် ကြီးမြင့်သူများဖြစ်၍ ရှိသေလေးစား ဂါရဝတရားဖြင့် နေ့ထိုင်ပြောဆိုရင်း တတ်အားသရွေ့ ကူညီစောင်မရပါ၏။

"တိုကင် ဘယ်မှာယူရမလဲ"

"ဒီမှာတော့ ခုနက လာဝေသွားပြီခင်ဗျ၊ အခု ဟိုဘက်ဘေးပေါက်က အခန်းမှာ သွားယူလို့ရပါတယ်ခင်ဗျ"

တစ်အောင့်နေတော့ မြန်မာ့စီးပွားရေးဘဏ်ခွဲမှ ဝန်ထမ်း ညီမငယ်သည် စောစောက ဝေထားသော တိုကင်ကတ်လေးများမှ နံပါတ်စဉ်များကို အစီအစဉ်အတိုင်း ခေါ်လေသည်။

"တိုကင် နံပါတ်တစ်ကနေ နှစ်ဆယ် ကြွပါရှင့်"

ကိုယ့်တိုကင် နံပါတ်က ၅၅၊ သို့ဆိုလျှင် တတိယအသုတ်တွင် ပါလိမ့်မည်။ ထင်သလောက် အချိန်မကြန့်ကြာတော့မှာမို့ စိတ်ထဲပေါ့ပါး သွားသည်။

"ခါတိုင်း ဒီလောက်လူမများပါဘူး၊ ဝန်ထမ်းတွေ လျော့သွားလို့ လူတွေ ပိုများလာတာ"

ဘေးက ဒေါ်ဒေါ်တစ်ဦးက သူ့ထင်မြင်ချက်ကို ပြောနေ၏။

"ကိုယ့်ပင်စင်လစာကို ကိုယ်ကိုယ်တိုင်ဘာလို့ လာထုတ်ရတာလဲဆိုတော့ သားကို စိတ်မချလို့ဗျာ၊ ထုတ်ပြီး အကုန်သုံးပစ်လိုက်ရင် ဘယ်လိုလုပ်မလဲဗျ"

ခပ်လှမ်းလှမ်းက ဦးလေးကြီးတစ်ဦးက ဘေးကမိတ်ဆွေများကို အရွှန်းဖောက် ပြောဆိုရင်း ရယ်မောနေ၏။ သူကြည့်ရသည်မှာ ပျော်တတ်သူ ဖြစ်ပေလိမ့်မည်။

မူလဘူတ စိတ်မရှည်တတ်သူ ကျွန်တော်ပင်လျှင် ပျော်လာသည်။ အငြိမ်းစား ပင်စင်စားလူကြီးသူမများကိုကြည့်ရင်း ကြည်နူးလာသည်။ ပြီးတော့ ကွယ်လွန်သူ အဖေ့ကို သတိရလာသည်။ အဖေသည် အငြိမ်းစားဝန်ထမ်း ပင်စင်လစာ ထုတ်ရက်ဆိုလျှင် မိုးမလင်းမီကတည်းက ဖင်တကြွကြွဖြစ်နေတတ်သည်။ မြေးမငယ် ပြင်ဆင်ပြီးလိမ်းနေသည်ကို ကြာတတ်ရန်ကောဟုထင်ကာ စိတ်မရှည်နိုင်ဖြစ်လေ့ရှိသည်။

အဖေသည် နိုင်ငံ့တာဝန်ပြည်သူ့ဝန်ကို တာဝန်သိသိသစ္စာရှိရှိ ဦးဆွေးဆံမြည့် ထမ်းဆောင်ခဲ့သူပီပီ အငြိမ်းစားယူတော့လည်း သူ့ဝန်ထမ်းပင်စင်လစာကို မြတ်နိုးတန်ဖိုးထားပါသည်။ အငြိမ်းစားဝန်ထမ်းပင်စင်စားအားလုံးလည်း အဖေ့နည်းတူ ဖြစ်ကြပါလိမ့်မည်။ ဤခံစားချက်ကို ပြင်ပလူများ သိနိုင်ကြလိမ့်မည်မဟုတ်။

လူတန်းကြီးက တလှုပ်လှုပ်တရွေ့ရွေ့၊ ဝင်သူဝင်၊ ထွက်သူထွက်။ ခုနက အသက် ၈၄ နှစ်အရွယ် အဘကို ကျွန်တော်လှမ်းကြည့်မိသည်။ "ဟင်" အဘနေရာမှာ အဖေပါလား။ ရုပ်အင်္ကျီအဖြူ၊ ပုဆိုးအပြာစင်းနှင့် လက်ထဲ ပိုက်ဆံအိတ်လေးကိုင်ရက်သား။

အဖေ့ပုံရိပ်တို့ကား ကျွန်တော့်တစ်သက်တာ မေ့ပျောက်၍မရနိုင်တော့ပါ။ ထာဝရ စွဲစွဲမြဲမြဲ ထင်ဟပ်လျက်။

ထို့အတူ အဖေ့စကား . . .

"မင်းတို့ဝန်ထမ်းဘဝက ထွက်မပစ်နဲ့ကွ၊ အစိုးရဝန်ထမ်းဆိုတာ ဘဝအာမခံချက်ရှိတယ်။ အင်္ဂလိပ်အစိုးရ မြန်မာပြည်ပြန်ဝင်လာတော့ ဝန်ထမ်းတွေကို ဂျပန်ခေတ်က လစာတွေ အကုန်လုံးပြန်ထုတ်ပေးခဲ့တယ်ကွ။ ဂျပန်ငွေစက္ကူတွေကို ရုပ်ပစ်ပြီး အင်္ဂလိပ်ငွေစက္ကူအသစ်တွေပဲ ပြန်ပေးတာ"

အဖေသည် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ အင်္ဂလိပ်အစိုးရ၏ တစ်ကျော့ပြန် မြို့ပြအုပ်ချုပ်ရေး (C.A.S.B) ခေတ်၊ ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တိုင် နိုင်ငံ့ဝန်ထမ်းတာဝန်များကို ခေတ်အဆက်ဆက် ဦးဆွေးဆံမြည့်ထမ်းဆောင်ခဲ့သူ ဖြစ်လေ၏။ အဖေသည် လွန်ခဲ့သည့် ငါးနှစ်၊ အသက် ၉၆ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့လေပြီ။

"တိုကင်နံပါတ် ၄၁ ကနေ ၆၀ အထိ ကြွပါ"

ဝန်ထမ်းညီမငယ်၏ ကြေညာဖိတ်ခေါ်သံနှင့်အတူ ကျွန်တော်သည် ငွေထုတ်ကောင်တာအခန်းသို့ ရောက်သွားသည်။ အထဲမှာလည်း ဝန်ထမ်းညီမငယ်တစ်ဦးက အငြိမ်းစားပင်စင်စားကြီးများ အစစအရာရာ အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးနေသည်။ သိလိုသည်များကို စိတ်ရှည်လက်ရှည် ရှင်းလင်းဖြေကြားပေးနေသည်။

ငွေထုတ်ကောင်တာမှာတော့ နိုင်ငံ့ဝန်ထမ်းအမျိုးသမီး လေး၊ ငါးဦးခန့် ရှိလေသည်။ ကျွန်တော့်အလှည့်ရောက်ခါနီးမှ စာရွက်စာတမ်းကိစ္စတွေ အဆင်ပြေပါ့မလားဟု စိုးရိမ်စိတ်လည်း ဝင်မိသည်။ ကိုယ့်ရဲ့ပထမဦးဆုံး အတွေ့အကြုံမို့။

"ကိုယ်စားလှယ်ထောက်ခံစာမှာ ရုံးစည်းတံဆိပ်မပါဘူး၊ ပြန်တမ်းဝင်အရာရှိ လက်မှတ်နဲ့ ဥာနစိတ်စည်းတံဆိပ်ပဲ တွေ့တယ်"

"ကျွန်တော်လည်း ဝန်ထမ်းပါခင်ဗျာ၊ အမေ မကျန်းမာလို့ ပထမဦးဆုံး လာထုတ်ပေးတာပါခင်ဗျာ။ ---- ဝန်ကြီးဌာနကပါ"

"ဒီတစ်ခါတော့ ထုတ်ပေးလိုက်မယ်နော်၊ နောက်လဆိုရင် ရုံးစည်းတံဆိပ်အဝိုင်း ရိုက်လာပေးပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ငွေထုတ်ကောင်တာမှ ထုတ်ပေးလိုက်သည့် အသစ်ကျပ်ချွတ် ငွေကျပ် တစ်သောင်းတန်များကို ရေတွက်ကြည့်တော့ စုစုပေါင်း ငါးလစာငွေကျပ် သုံးသိန်းကျော်။ ဤသည်ပင် အဖေက သူတို့ခေတ်တွင် ပင်စင်လစာတစ်ဝက် ရောင်းထားခဲ့ပြီးပြီ။

မြန်မာ့စီးပွားရေးဘဏ်ကအထွက် နာရီကို ကြည့်လိုက်တော့ နံနက် ၁၀ နာရီကျော်။ ဝန်နှင့်အားမမျှသည့်ကြားက တက်တက်ကြွကြွ၊ မေတ္တာစေတနာအပြည့်ဖြင့် အငြိမ်းစားဝန်ထမ်းပင်စင်စားကြီးများ၊ အစစအရာရာ အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးကြသော မြန်မာ့စီးပွားရေးဘဏ်က နိုင်ငံ့ဝန်ထမ်းများကို များစွာကျေးဇူးတင်မိပါ၏။ ဩော် - ဝန်ထမ်းဘဝက ကုသိုလ်လည်းရ ဝမ်းလည်းဝ။

ဤဆောင်းပါးစာစုကို အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုများတွင်ပါဝင်ရင်း အစိုးရဝန်ထမ်းဘဝကို ကျောခိုင်းထွက်ခွာသွားကြသူ ဝန်ထမ်းအချို့ ဖတ်မိကြပါလျှင် တစ်ချိန်က မိမိတို့ ဝန်ထမ်းဘဝဟောင်းကို လွမ်းကြလိမ့်မည်ဟု ထင်၏။ ထိုထိုသော လုပ်ဖော်ကိုင်ဖက်ဟောင်းများကိုလည်း ကျွန်တော်တို့ သတိရမိပါ၏။ အပြစ်မဆိုရက်ပါ။ ကိုယ့်အမြင်၊ ကိုယ့်အတွေး၊ ကိုယ့်ယုံကြည်ချက်နှင့် ကိုယ်သာဖြစ်ကြပါသည်။

ကျွန်တော်တို့ကလည်း နိုင်ငံ့ဝန်၊ ပြည်သူ့ဝန်ကို နိုင်ငံသားတစ်ဦးအနေဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့် ထမ်းရွက်ရခြင်းသည် ဒုလ္လဘတစ်ခုဟု ခံယူမှတ်ယူပါ၏။ ပြည်သူတို့၏ဝန်ကို အခါအခွင့်သင့်တုန်း၊ ကြုံတုန်းကြုံခိုက်၊ ရတုန်းရခိုက် သယ်ပိုးထမ်းရွက်ရခြင်းကား ဆုထူးဆုမြတ်တစ်ခုမဟုတ်ပါလား။

ပြည်သူ့ဝန်ကိုသယ်ပိုးထမ်းရွက်ရာတွင် မေတ္တာဝန်ဖြင့် သယ်ပိုးထမ်းရွက်ပါက လေးလံမှုမရှိ ပေါ့ပါး၍နေပါဘိဟူ၍ ဒေါက်တာမောင်မောင်က "ပြည်သူ့ဝန်ထမ်း သားသမီးများသို့" စာအုပ်တွင် အောက်ပါအတိုင်း ရေးသားခဲ့ပါ၏။

"မေတ္တာဝန်"

"မဟာတ္တမဂန္ထီကြီး နှစ်သက်၍ မကြာမကြာ ပြောတတ်သောပုံပြင်ဟု ဆိုပါသည်။

ဆင်းရဲနွမ်းပါးသော အမျိုးသမီးတစ်ဦးသည် ခေါင်းပေါ်တွင် အထုပ်တစ်ထုပ်ကို ရွက်၍ ခါးတွင် သားငယ်ကို ခါးထစ်ခွင်ချီ၍ ကျောပေါ်တွင် အထုပ်ကိုပိုး၍ ခရီးရှည် လမ်းလျှောက်လာသည်။ အတူသွားခရီးသည်အချို့က ကရုဏာနှင့် အထုပ်အချို့ကို ကူညီသယ်ပိုးပေးမည်ပြောကြသော်လည်း အစဦးတွင် လက်မခံ၊ ကြိုးစား၍ သယ်ပိုးသည်။

နောက်ပိုင်းတွင် ပင်ပန်းလာသည်နှင့် ခေါင်းပေါ်မှအထုပ်ကို တစ်ဦးအား ကူညီသယ်ပိုးရန် ပေးရသည်။ ခရီးအတန်ကြာပြန်သော် ကျောပေါ်မှ အထုပ်ကိုလည်း လက်ပြောင်းရပြန်သည်။ သို့ရာတွင် ခါးထစ်ခွင်၍ ချီပိုးထားသောသားငယ်ကိုမူကား မည်သူ့သို့မျှ မပြောင်း၊ မိမိဘာသာနိုင်အောင် သယ်ပိုးသည်။

သားငယ်သည်လည်း လေးလံသော ဝန်ထုပ်မဟုတ်ဖူးလား၊ ကူညီ၍ချီခဲ့ပါမည်ဟု ကြင်နာသော ခရီးသည်တစ်ဦးက ပြောပြန်ရာ သားငယ်ကို မိခင်မေတ္တာဖြင့် ချစ်ရပါသည်။ ထို့ကြောင့် လေးလံသော ဝန်ထုပ်ဝန်ပိုးမဟုတ်ပါ။ ပေါ့ပါးသော မေတ္တာဝန်သာ ဖြစ်ပါသည်။ မေတ္တာဖြင့် ထမ်းပိုးရသောဝန်သည် ပေါ့ပါးသည်။ ဝန်ဟူ၍ပင် မထင်ရ။ ဦးခေါင်းတွင် ဆင်မြန်းရသောပန်းဟူ၍ပင် ထင်ရသည်ဟု မိခင်က ရွှင်လန်းဝမ်းမြောက်စွာ ဆိုသည်။

ပြည်သူကို အလုပ်အကျွေးပြုရသောဝန်၊ နိုင်ငံ့အကျိုးကိုသယ်ပိုးရသော ဝန်တို့သည် မေတ္တာဝန်ဖြစ်သည်။ မေတ္တာစစ်မှန်နေသမျှ လေးလံသည် မရှိနိုင်။ မေတ္တာပျက်မှ ကွက်မှ လေးလံလာနိုင်သည်။

သာသနာ့ဝန်ထမ်းကြကုန်သော၊ နိုင်ငံ့ဝန်၊ ပြည်သူ့ဝန်ကို ထမ်းကြကုန်သော အာဇာနည်ပုဂ္ဂိုလ်တို့အဖို့လည်း မေတ္တာဝန်သည် ပေါ့ပါးသည်။ ထိုဝန်ကိုထမ်းရ၍ မောပန်းခြင်းမရှိ၊ မောရပန်းရမှန်းမသိ။ ဝန်ထမ်းခွင့်ရတာပင်လျှင် ဆုထူးဆုမြတ်ဖြစ်နေသည်။ ပြည်သူ့ဝန်ထမ်းသားသမီးများအဖို့လည်း ထို့အတူသာဖြစ်ပါစေတော့။"

"တိုကင်နံပါတ် ၆၁ ကနေ ၈၀ ၊

တိုကင်နံပါတ် ၈၁ ကနေ ၁၀၀ ..."

ဝန်နှင့်အား မမျှသော်လည်း နည်းနည်းနှင့်ကျဲကျဲ ပြည်သူ့ဝန်ကို သယ်ပိုးထမ်းရွက်နေကြကုန်သော မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းညီမငယ်တို့သည်လည်း မေတ္တာဝန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်မို့ သူတို့ကိုကြည့်ရသည်မှာ မောပန်းနွမ်းနယ်ရိပ်မရှိ၊ ပကတိပေါ့ပါး၍ နေလေသည်။ ။

**ဤဆောင်းပါးစာစုကို အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ရင်း အစိုးရဝန်ထမ်းဘဝကို ကျောခိုင်းထွက်ခွာသွားကြသူ ဝန်ထမ်းအချို့ ဖတ်မိကြပါလျှင် တစ်ချိန်က မိမိတို့ ဝန်ထမ်းဘဝဟောင်းကို လွမ်းကြလိမ့်မည်ဟု ထင်၏။ ထိုထိုသော လုပ်ဖော်ကိုင်ဖက်ဟောင်းများကိုလည်း ကျွန်တော်တို့ သတိရမိပါ၏။ အပြစ်မဆိုရက်ပါ။ ကိုယ့်အမြင်၊ ကိုယ့်အတွေး၊ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ်သာဖြစ်။**

# ဂျပန်ဝန်ကြီးချုပ် ဆူဂါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူ



ဂျပန်ဝန်ကြီးချုပ် ဆူဂါ မတ် ၁၆ ရက်က ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူစဉ်။

တိုကျို ဧပြီ ၆

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါသည် အမေရိကန်နိုင်ငံသို့ မသွားရောက်မီ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံမှုခံယူခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဝန်ကြီးချုပ် ဆူဂါသည် တိုကျိုမြို့ ရှင်ဂျူကူ ရပ်ကွက်ရှိ ကျန်းမာရေးနှင့် ဆေးဝါးဆိုင်ရာ အမျိုးသားစင်တာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုကိုလည်း မတ် ၁၆ ရက်က အဆိုပါနေရာတွင် ထိုးနှံမှုခံယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါ၏ ဒုတိယအကြိမ်ကာကွယ်ဆေး ထိုးနှံမှုကို မီဒီယာများတွင် ဖော်ပြခဲ့ခြင်းမရှိပေ။ သို့ရာတွင် ဝန်ကြီးချုပ် ဆူဂါသည် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် မည်သည့်ကျန်းမာရေးပြဿနာမျှ ဖြစ်ပွားခြင်းမရှိကြောင်း ဆူဂါ၏ ကိုယ်ရေးအရာရှိက ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် ဧပြီ ၁၆ ရက်တွင် အမေရိကန်နိုင်ငံသမ္မတ ဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားပြီး ဆူဂါ၏ ခရီးစဉ်တွင် လိုက်ပါမည့် ကိုယ်စားလှယ်အားလုံးသည်လည်း ခရီးစဉ်မတိုင်မီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

# ကိုလံဘီယာနိုင်ငံ မြို့တော် ဘိုဂိုတာ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတိပေးချက်ကို လိမ္မော်ရောင်အဆင့် သတ်မှတ်

ဘိုဂိုတာ ဧပြီ ၆

ကိုလံဘီယာနိုင်ငံ မြို့တော် ဘိုဂိုတာ၌ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားခြင်းမှတားဆီးနိုင်ရန်အတွက် ယမန်နေ့က ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတိပေးချက်ကို လိမ္မော်ရောင်အဆင့် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဆောင်ရွက်

ဘိုဂိုတာမြို့ရှိ ဆေးရုံများ၌ အထူးကြပ်မတ်ကုသဆောင်များတွင် ကိုဗစ်-၁၉ လူနာများပြားနေပြီး ရောဂါကူးစက်မှုနှုန်းလည်း မြင့်တက်လာကြောင်း မြို့တော်ဝန် ကလော်ဒီယာ လိုပက်ဇ်က ပြောကြားသည်။ မြို့တော်အတွင်းရှိ ဆေးရုံများတွင် ရောဂါကူးစက်မှုများ ထပ်မံမရှိလာစေရေးအတွက် စည်းမျဉ်းအသစ်များချမှတ်ရန် ဆောင်ရွက်သွားရမည်ဟု ၎င်းက ပြောကြားသည်။

မိမိတို့အနေဖြင့် အထူးကြပ်မတ်ကုသဆောင်များကို ၁၅၀ မှ ၁၆၀ အထိ တိုးမြှင့်ဖွင့်လှစ်သွားရမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ မိမိတို့အနေဖြင့် လူအစုလိုက် အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်မခံရစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၃၂၈ ဦးရှိ

မော်စကို ဧပြီ ၆

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၃၂၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၅၉၇၈၆၈ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဧပြီ ၆ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၀၁၁၀၆ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။



ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၈၉၀၂ ဦးရှိခဲ့ခြင်းကြောင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၂၁၀၃၅ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၄၇ ဦးရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၀၃၈၁၉၀ အထိ ရှိလာခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၈၄ ဦးရှိလာပြီး ၁၀၃ ဦးခန့် ပျောက်ဆုံးနေ

ဂျကာတာ ဧပြီ ၆

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း အရှေ့နုဆာတင်ဂါရာပြည်နယ်၌ ဖြစ်ပွားသည့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဆီရိုဂျာနှင့် ဆက်စပ်သည့်သဘာဝဘေးကြောင့် သေဆုံးသူ ၈၄ ဦးရှိလာပြီး ၁၀၃ ဦး ပျောက်ဆုံးနေကြောင်း အင်ဒိုနီးရှားအမျိုးသား သဘာဝဘေးလျော့ချရေးအေဂျင်စီက ယနေ့ပြောကြားသည်။

၁၂၃ ဦး ဒဏ်ရာရရှိ

ထို့အပြင် သဘာဝဘေးကြောင့် ဒေသခံပြည်သူ ၁၂၃ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းသည် အရှေ့နုဆာတင်ဂါရာပြည်နယ်ရှိ ရပ်ရွာရစ်ခုကို ထိခိုက်ခဲ့ကြောင်း အမျိုးသား သဘာဝဘေးလျော့ချရေးအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ ရာဒီတီယာဂျာတီက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သဘာဝဘေးကြောင့် သေဆုံးသူများအနက် ၆၇ ဦးကို ဘမ်ဘာတာခရိုင်၊ ၄၉ ဦးကို အရှေ့ဖလော်ရက်ခရိုင်နှင့် ၁၂ ဦးကို အာလောခရိုင်တို့တွင် အသီးသီး ရှာဖွေတွေ့ရှိခဲ့ပြီး သေကျေဒဏ်ရာရရှိမှုနှင့် ပတ်သက်သည့် နောက်ဆုံးအချက်အလက်များကို အာဏာပိုင်များအနေဖြင့် ဆက်လက်တင်ပြပေးမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြော ကြားသည်။



ထို့အပြင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ပြည်နယ်အတွင်း လူနေအိမ်များ၊ အစိုးရပိုင်အဆောက်အအုံများ၊ ကားလမ်းများနှင့် တံတားများ ပျက်စီးခဲ့သည့်အတွက် ပြည်နယ်အတွင်း နေအိမ်စွန့်ခွာသူဦးရေ များပြားလာခဲ့ကြောင်း သိရသည်။

ပြန်လည်ပြင်ဆင်

အင်ဒိုနီးရှားအစိုးရသည် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် သေဆုံးသူ ၁၂၈ ဦးရှိပြီး ၇၂ ဦး ပျောက်ဆုံးသည်ဟု ကနဦး သတင်းဖော်ပြခဲ့သော်လည်း နောက်ပိုင်းတွင် ယင်းသေကျေဒဏ်ရာရရှိမှု ကိန်းဂဏန်းကို ပြန်လည်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများသည် နိုင်ငံ၏အလယ်ပိုင်း အရှေ့နုဆာတင်ဂါရာပြည်နယ် ဖလော်ရက်စ်တီမူရ်ခရိုင်၌ ဧပြီ ၄ ရက် ဒေသစံတော်ချိန်နံနက် ၁ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူ အများစုမှာ အရှေ့ဖလော်ရက်စ်၊ လမ်ဘာတာ၊ အင်ဒီနှင့် အာလော် စသည့်ခရိုင်များမှ ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျော်ဇီ

# မြောက်ကိုရီးယားနိုင်ငံက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် အိုလံပစ်ပြိုင်ပွဲသို့ အားကစားသမားများ စေလွှတ်မည်မဟုတ်ဟုဆို

ပြုံယမ်း မေ ၆

မြောက်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲသို့ မြောက်ကိုရီးယားအားကစားသမားများကို စေလွှတ်မည်မဟုတ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။



မြောက်ကိုရီးယားနိုင်ငံအစိုးရသည် အိုလံပစ်ပြိုင်ပွဲသို့ အားကစားသမားများစေလွှတ်မည်မဟုတ်ကြောင်းနှင့်စပ်လျဉ်း၍ မြောက်ကိုရီးယားနိုင်ငံ၏ အားကစားဝန်ကြီးဌာနဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေးသားဖော်ပြချက်တွင် မြောက်ကိုရီးယားအိုလံပစ်ကော်မတီသည် မတ် ၂၅ ရက်တွင် အဖွဲ့ဝင်များ၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ရာ ကစားသမားများအား ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ အကာအကွယ်ပေးရန်အလို့ငှာ ဂျပန်နိုင်ငံ၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အိုလံပစ်အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိကြောင်း အခိုင်အမာပြောကြားထားသည်။ ဂျပန်နိုင်ငံ၌ ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် နယ်စပ်ဒေသများကို ပိတ်ထားခဲ့သည့်အပြင် အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့နှင့်လည်း ပြည်သူများ အသွားအလာပြုလုပ်မှုကို တင်းကျပ်စွာကန့်သတ်ထားကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုမည့် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသည့် ကြေညာချက်၏ အသေးစိတ်အချက်အလက်များကို အတည်ပြုနိုင်ရေးဆောင်ရွက်နေဆဲဖြစ်ကြောင်း ဂျပန်နိုင်ငံအားကစားဝန်ကြီး မာရူကာဝါတာမာယိုက ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ အရှိန်မြှင့်တင်မည်ဟု ဩစတြေးလျ ပြောကြား



ကင်ဘာရာ မေ ၆

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကိုအရှိန်မြှင့်တင်ရန် ဩစတြေးလျ တာဝန်ရှိသူများက ကတိကဝတ်ပြုခဲ့ကြသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အတွက် အထွေထွေရောဂါကုသမားတော်ကြီးများ ကိုယ်တိုင်တာဝန်ထမ်းဆောင်သော ဆေးခန်းအရေအတွက်ကို ယမန်နေ့တွင် ၃၀၀၀ အထိတိုးမြှင့်ခဲ့ပြီး ဧပြီလကုန်တွင် အဆိုပါဆေးခန်းအရေအတွက်ကို ၄၀၀၀ အထိ တိုးမြှင့်ဖွင့်လှစ်သွားရန်ရှိကြောင်း ကျန်းမာရေးဆိုင်ရာ အရာရှိချုပ် မိုက်ကယ်ကက်က ပြောကြားသည်။

ပြီးခဲ့သော သီတင်းနှစ်ပတ်အတွင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများ၏ ကူညီဆောင်ရွက်မှုကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၈၄၀၀၀၀ အထိဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း ကင်ဘာရာတွင် သတင်းထောက်များအား ၎င်းက ပြောကြားသည်။ ကာကွယ်ဆေးဖြန့်ဖြူးမှုအရေအတွက်သည် နေ့စဉ်၊ လစဉ်နှင့်အမျှ မြင့်တက်နေကြောင်း သိရသည်။ ယခုနှစ် နှစ်လယ်ပိုင်းတွင် ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးနှံရေး အဆင့်-၂ လုပ်ငန်းတွင် ဆေးဝါးကျွမ်းကျင်သူများ ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# နယူးဒေလီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ညမထွက်ရအမိန့်ထုတ်ပြန်




နယူးဒေလီ မေ ၆

အိန္ဒိယနိုင်ငံ ဒေလီဒေသန္တရအစိုးရက မြို့တွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ညမထွက်ရ အမိန့်တစ်ရပ်ကို ယနေ့ထုတ်ပြန် ကြေညာလိုက်သည်။

ယမန်နေ့က အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းကျော်ဖြင့် ယခုနှစ်အတွင်း နေ့စဉ်ကူးစက်မှု စံချိန်တင်ခဲ့ပြီးနောက် မြို့ကြီးအများအပြားတွင် စိုးရိမ်စိတ်များ မြင့်တက်စေခဲ့သလို အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော် မွန်ဘိုင်းမြို့တွင်လည်း နယူးဒေလီနည်းတူ အလားတူ တင်းကျပ်သောအသွားအလာကန့်သတ်မှုများကို ချမှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အတူ လူဦးရေ ၂၅ သန်းခန့်နေထိုင်သည့် နယူးဒေလီမြို့နှင့် အခြားအိန္ဒိယမြို့ကြီးအားလုံးသည်လည်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စံချိန်တင်တွေ့ရှိခဲ့ပြီးနောက် တင်းကျပ်သော အသွားအလာ ကန့်သတ်မှုများ ချမှတ်ရန် အမိန့်ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ရုတ်တရက်မြင့်တက်လာခြင်းကြောင့် မြို့ထဲတွင် ညမထွက်ရအမိန့်ချမှတ်ရန် လိုအပ်လာကြောင်း၊ အဆိုပါ အသွားအလာကန့်သတ်မှုသည် နေ့စဉ် ဒေသစံတော်ချိန် ည ၁၀ နာရီမှ နောက်နေ့ နံနက် ၅ နာရီအထိ အကျုံးဝင်မည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများသို့မဟုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမည့် ပြည်သူများအတွက်မှ သွားလာခွင့်ပြုမည်ဖြစ်ကြောင်း ဒေလီဒေသန္တရအစိုးရက ရှင်းလင်းပြောကြားသည်။

**နေ့စဉ်ကူးစက်**

ဒေလီမြို့၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၄၈ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ယမန်နှစ် နိုဝင်ဘာလက ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုနှုန်းနှင့် နှိုင်းယှဉ်ပါက ကူးစက်မှုနှုန်း လျော့ကျလာကြောင်း သိရသည်။ သို့သော် နယူးဒေလီမြို့သည် အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံး ထိခိုက်လျက်ရှိသည့် မြို့ကြီးများအနက် တစ်မြို့အပါအဝင်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ခုနစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၄၉၀၀၀ ကျော် တွေ့ရှိခဲ့ရာ ယင်းမတိုင်မီ သီတင်းပတ်က ရောဂါကူးစက်ခံရမှုနှုန်းနှင့် နှိုင်းယှဉ်ကြည့်ပါက ၄၀ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း အေအက်ဖ်ပီ သတင်းဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယအစိုးရသည် ယခုနှစ် ဇူလိုင်လကုန်တွင် ပြည်သူသန်း ၃၀၀ ခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ပြီး ထိုအချိန်မှစ၍ လက်ရှိအချိန်အထိ ပြည်သူ ၈၃ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ပြောကြားချက်အရ သိရသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဂျေတီ

# ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်း အရှိန်မြှင့်ဆောင်ရွက်



ပါရီ မေ ၆

ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပြန်လည်ဖြစ်ပွားလာခြင်းကို တိုက်ဖျက်သည့်အနေဖြင့် အစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းကို အရှိန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၏ ယမန်နေ့က ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များ၌ လူနာအရေအတွက် ၅၄၀၀ တက်ရောက်ကုသနေပြီး လာမည့်သီတင်းပတ်များအတွင်း ၎င်းအရေအတွက်ထက် ကျော်လွန်သွားနိုင်ကြောင်းနှင့် ယခုသီတင်းပတ်အတွင်း ရောဂါဖြစ်ပွားမှု တတိယလှိုင်း၏ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနိုင်ကြောင်း ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီယန်က တီအက်ဖ် အမှတ်-၁ ရုပ်မြင်သံကြားဌာနအား ပြောကြားသည်။

ပြင်သစ်နိုင်ငံအနေဖြင့် ယခုလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၂ သန်းကို ရရှိမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံသားဦးရေ ၁၀ သန်းအား ဧပြီလလယ်တွင် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးရည်မှန်းချက်သည် မကြာမီရက်ပိုင်းအတွင်း အောင်မြင်နိုင်ကြောင်း ၎င်းက ပြောကြားသည်။ ဧပြီလလယ်မှစတင်ပြီး အသက် ၆၀ ကျော်အရွယ်ရှိ နိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ပြီး မေ ၁၅ ရက်မှစတင်၍ အသက် ၅၀ မှ ၆၀ အတွင်းရှိ နိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ဇွန်လလယ်မှစတင်ပြီး အသက်ကန့်သတ်ချက်မထားရှိဘဲ နိုင်ငံသားအားလုံးကို ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။ နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ စတင်ဆောင်ရွက်ချိန်မှစတင်ပြီး နိုင်ငံသား ၉ ဒသမ ၃၅ သန်းမှာ ကာကွယ်ဆေးထိုးနှံမှု အနည်းဆုံးတစ်ကြိမ် ခံယူပြီးစီးခဲ့ပြီး နိုင်ငံသား ၃ ဒသမ ၁၄ သန်းကျော်မှာ ကာကွယ်ဆေးထိုးနှံမှု ၂ကြိမ်ခံယူပြီးစီးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ယခုသီတင်းပတ်အကုန်မှစတင်ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမှ တားဆီးရန်အတွက် နိုင်ငံသားများအား နေအိမ်မှ ၁၀ ကီလိုမီတာအတွင်းသာ သွားလာရန်နှင့် မြို့တွင်းသွားလာမှုများကို ပိတ်ပင်ခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

■

# မလေးရှားနိုင်ငံ၌ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်အသုံးပြုမည်

ကွာလာလမ်ပူ မေ ၆

မလေးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်အသုံးပြုမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး အက်ဒမ်ဘာဘာက ပြောကြားခဲ့သည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်အသုံးပြုမည်ဆိုသော ဆုံးဖြတ်ချက်ကို မေ ၆ ရက်တွင် ပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထောက်ပံ့မှုလက်ခံရေး အထူးကော်မတီ၏ အစည်းအဝေးတွင် ချမှတ်ခဲ့ ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးအက်ဒမ်ဘာဘာက ပြောကြားခဲ့သည်။

လက်တွေ့စမ်းသပ်မှုဆိုင်ရာ အချက်အလက်များက ထိခိုက်မှုထက် အကျိုးဖြစ်ထွန်းမှုကိုသာ ပေးစွမ်းကြောင်း သိရှိရပြီးဖြစ်သောကြောင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်အသုံးပြုရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း အက်ဒမ်ဘာဘာက ယနေ့တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် ဝယ်ယူထားသည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအနက် ၁၀ ရာခိုင်နှုန်းကို ထိုင်းနိုင်ငံမှတစ်ဆင့် လက်ခံရရှိမည်ဖြစ်ကြောင်းလည်း အက်ဒမ်ဘာဘာက ပြောကြားခဲ့သည်။ ထို့ပြင် မလေးရှားနိုင်ငံသည် ဇွန်လတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ခြောက်သိန်းလက်ခံရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၀၀ ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၅၃၃၂၉ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ကိုးကား-စီအင်န်အေ၊
ဘာသာပြန်-အလင်းသစ်






# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃ သန်းကျော်ရှိလာ

ဆော်ပေါ်လို မေ ၆

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၆၄၅ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၃၀၁၃၆၀၁ ဦးအထိ ရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၃၁၉ ဦးရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၃၂၇၅၂ ဦးအထိရှိလာခဲ့ကြောင်း ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တောင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုနှင့်သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးပါက ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ ဘရာဇီးနိုင်ငံ၏နောက်တွင် အိန္ဒိယနိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုတတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၇ ရက်တွင် စတင်ခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၁၉၄၇၄၈၂၆ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူ ၅၃၈၉၂၁၁ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ပိုး‌ရပ်စ်ပိုးကူးစက်ခံရသူ | ၁၃၂၅၃၆၅၃၀ | ဦး |
| သေဆုံးသူ | ၂၈၇၆၁၆၉ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၆၈၄၅၉၀၄ | ဦး |

# ရှမ်းပြည်နယ် ကျောက်မဲမြို့၌ အကြမ်းဖက်သူအမျိုးသား နှစ်ဦးက မိုင်းတစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တိုးဂိတ်အဆောက်အအုံနှင့် ဆိုင်ကယ်တစ်စီး ထိခိုက်ပျက်စီးကာ တိုးဂိတ်ဝန်ထမ်း အမျိုးသား သုံးဦး ဒဏ်ရာရ

နေပြည်တော် ဧပြီ ၆

ရှမ်းပြည်နယ် ကျောက်မဲမြို့ရှိ အေးရှားဝေါလ်တိုးဂိတ်အား အကြမ်းဖက်သူအမျိုးသားနှစ်ဦးက မိုင်းတစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တိုးဂိတ်အဆောက်အအုံနှင့် ဆိုင်ကယ်တစ်စီး ထိခိုက်ပျက်စီးခဲ့ပြီး တိုးဂိတ်ဝန်ထမ်း အမျိုးသားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ဧပြီ ၅ ရက် ည ၇ နာရီခန့်တွင် ကျောက်မဲမြို့ ပန်းပေါင်းကျေးရွာအနီးရှိ မန္တလေး-လားရှိုးလမ်းမကြီး မိုင်တိုင်အမှတ် ၁၁၀ မိုင် ၁ ဖာလုံတွင် တည်ရှိသော အေးရှားဝေါလ်တိုးဂိတ်ကို အကြမ်းဖက်သူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ) က ဆိုင်ကယ်တစ်စီးဖြင့်ရောက်ရှိလာပြီး တိုးဂိတ်ရှိ ဆိုင်ကယ်ဝင်သည့် လမ်းပေါ်သို့မိုင်းတစ်လုံး (စိစစ်ဆဲ) ဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် အဆိုပါ မိုင်းပေါက်ကွဲပြီး တိုးဂိတ်ဝန်ထမ်း အမျိုးသားသုံးဦးတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ကာ တိုးဂိတ်အနီး ရပ်တန့်ထားသည့် ဆိုင်ကယ်တစ်စီးနှင့် တိုးဂိတ်အဆောက်အအုံတို့ ထိခိုက်ပျက်စီးခဲ့ကြောင်း။

ဖြစ်စဉ်တွင် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုနှင့် ခရီးသွားပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေရန်နှင့် အများပြည်သူလူထု၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာသည့် အကြမ်းဖက်အဖျက်သမားများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်






# ပြည်ကြီးတံခွန်မြို့နယ်၌ ဆေးခြောက်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၅ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ကားဝင်းအတွင်း၌ သိန်းထိုက် မောင်းနှင်ပြီး သန့်ဇင်ထွန်း(ခ)ထိုင်ဝမ် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆေးခြောက် လေးကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

# စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ ဆူပူအကြမ်းဖက်သူလူအုပ်စု၏ ရန်ပြုတိုက်ခိုက်မှုကြောင့် နိုင်ငံတော်ပိုင်အဆောက်အအုံ လေးလုံး မီးလောင်ပျက်စီးဆုံးရှုံး

နေပြည်တော် ဧပြီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ ဆူပူအကြမ်းဖက်သူလူအုပ်စု၏ ရန်ပြုတိုက်ခိုက်မှုကြောင့် နိုင်ငံတော်ပိုင်အဆောက်အအုံ လေးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေး အင်အား ၇၀ ခန့်က ပင်လည်ဘူးမြို့ရှိ မြို့မရဲစခန်းသို့ တူမီးသေနတ်၊ လေသေနတ်၊ လေးခွ၊ ဂျင်ကလိ၊ မီးပုလင်းများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်လူစုခွဲခဲ့ရာ မွန်းလွဲ ၃ နာရီတွင် လူစုကွဲသွားခဲ့ကြောင်း။

အလားတူ ညနေ ၅ နာရီခွဲတွင် ပင်လည်ဘူးမြို့ စော်ဘွားဘုရားကုန်းပေါ်မှ ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၂၀၀ ခန့်က တူမီးသေနတ်၊ လက်လုပ်သေနတ်၊ မီးပုလင်းများဖြင့် မြို့နယ်တရားရုံးအား ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်လူစုခွဲနေစဉ် ည ၇ နာရီခွဲခန့်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား မီးကွင်း၊ မီးပုလင်းများဖြင့် ထပ်မံပစ်ခတ်ခဲ့၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး မီးစတင်လောင်ကျွမ်းခဲ့ပြီး အဆိုပါ ရုံးဝင်းအတွင်းရှိ မြို့နယ်တရားရုံးနှင့် မြို့နယ်ကော်မရှင်ရုံးဟောင်းတို့ကို မီးကူးစက်လောင်ကျွမ်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သောကြောင့် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း။

မတ် ၆ ရက် နံနက် ၄ နာရီခွဲတွင် အကြမ်းဖက်သမားများ မီးကွင်း၊ မီးပုလင်းပစ်ခတ်မှုကြောင့် မီးလောင်ဆုံးရှုံးခဲ့ရသည့် အဆောက်အအုံများ၏ မီးကြွင်းမီးကျန်များမှတစ်ဆင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးဝင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရုံးအား မီးကူးစက်လောင်ကျွမ်းခဲ့ရာ ဝိုင်းဝန်းမီးငြိမ်းသတ်မှုကြောင့် နံနက် ၆ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူလူအုပ်စု၏ မီးကွင်း၊ မီးပုလင်းများဖြင့် အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၊ မြို့နယ်တရားရုံး၊ မြို့နယ်ကော်မရှင် ရုံးဟောင်းနှင့် မြို့နယ်စည်ပင်သာယာရေးရုံးတို့ (တန်ဖိုး- စိစစ်ဆဲ) မီးလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့ကြောင်း။



၁။မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ၂။မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးဝင်း (မီးလောင်မှု ဖြစ်ပွားသည့်နေရာ)၊ ၃။မြို့နယ်မီးသတ်ဦးစီးဌာန၊ ၄။ မြန်မာ့စီးပွားရေးဘဏ်၊ ၅။စော်ဘွားဘုရားကုန်း

ထိုကဲ့သို့ နိုင်ငံတော်ပိုင်အဆောက်အအုံများကို ပျက်စီးဆုံးရှုံးစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ် လုပ်ဆောင်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် အလားတူ ထပ်မံဖြစ်ပွားမှု မရှိစေရေး လိုအပ်သော လုံခြုံရေးအင်အားများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ဖားကန့်မြို့နယ်၌ မြေစာပြိုကျ အမျိုးသား တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

နေပြည်တော် ဧပြီ ၆

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ဧပြီ ၅ ရက်က မြေစာပြိုကျပိမိ၍ အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၅ ရက် နံနက် ၉ နာရီခန့်က ဖားကန့်မြို့နယ် ထွယ်ဆန်ယန်ကျေးရွာနေ ဟိန်းမင်းကို(၂၀)နှစ်၊ တစ်ရွာတည်းနေ အောင်သက်ထွန်း(၃၇)နှစ်နှင့် မျိုးကျော်ဇင်(၂၇)နှစ်တို့သည် မော်ဝမ်းကြီးကျေးရွာ အင်မားယန်အပိုင်း၌ ရေမဆေးကျောက်ရှာဖွေနေစဉ် အမြင့် ရှစ်ပေခန့်မှ မြေစာများ ရုတ်တရက်ပြိုကျ၍ ဟိန်းမင်းကိုမှာ မြေစာများ ပိမိသေဆုံးခဲ့ပြီး အောင်သက်ထွန်းနှင့် မျိုးကျော်ဇင်တို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဖားကန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဒဏ်ရာရရှိသူများအား ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း၊ ဟိန်းမင်းကို သေဆုံးမှုအား ဖားကန့်မြို့မရဲစခန်း၌ သေမှုသေခင်း ဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား

# စဉ့်ကိုင်မြို့နယ်၌ ပုံးသီးဟောင်း တစ်လုံးနှင့် ကျည်ဆန် တစ်တောင့် တွေ့ရှိ

နေပြည်တော် ဧပြီ ၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ဧပြီ ၅ ရက်က ပုံးသီးဟောင်း တစ်လုံးနှင့် ကျည်ဆန်တစ်တောင့်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၅ ရက် နံနက် ၈ နာရီ မိနစ် ၅၀ က အောင်မြေသာစံမြို့နယ် အောင်သပြေရပ်ကွက်နေ ထက်နိုင်အောင်ပါ နှစ်ဦးတို့သည် စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာအနီး ဒုဋ္ဌဝတီမြစ်ရေချိုးဆိပ်၌ ရေဆင်းချိုးရာမှ ပုံးသီးဟောင်း တစ်လုံးနှင့် ကျည်ဆန်တစ်တောင့် တွေ့ရှိကြောင်း သတင်းအရ စဉ့်ကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အလျား ၁၅ လက်မ၊ လုံးပတ် ၁၀ လက်မခွဲခန့် ဒလက် ခြောက်ခုပါ စစ်ကျန်ပုံးသီးဟောင်း တစ်လုံးနှင့် ၇ ဒသမ ၆၂ ကျည် တစ်တောင့်တို့အားတွေ့ရှိရ၍ အဆိုပါပုံးသီးဟောင်းနှင့် ကျည်ဆန်အား နယ်မြေခံတပ်သို့ လွှဲပြောင်းအပ်နှံရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား

# အပူရှိန်ပယ်ရှင်း အေးငြိမ်းခြင်းသို့ ရောက်ကြပါစေ

**နွေဦးမောင်**

ယခုကာလသည် နွေရာသီ အခါသမယ ဖြစ်ပါသည်။ ဖေဖော်ဝါရီလကုန်မှ မေလလယ်လောက်အထိ ကာလအပိုင်းအခြားတွင် နွေရာသီ၏သရုပ်ဖြစ်သော တဖြည်းဖြည်းတိုးလာမည့် အပူရှိန်သည် လူသားတို့အပေါ်၌ ဖြန့်ကြက်နေဦးမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အပူပိုင်းဇုန်နှင့် သမပိုင်းဇုန်အကြားတွင် တည်ရှိနေသောကြောင့် နိုင်ငံ၏တောင်ဘက်ပိုင်းကျသော နေရာများတွင် နွေရာသီကာလအတွင်း အပူရှိန်ဒဏ်ခံကြရသော်လည်း မြန်မာနိုင်ငံအထက်ပိုင်းရှိ သမပိုင်းဇုန်အတွင်း ကျရောက်သောဒေသများမှာ လုံးဝပျောက်ကွယ်သွားခြင်းမရှိသေးသည့် အအေးဓာတ်ကို ရရှိခံစားနေကြဦးမည်ဖြစ်သည့်အတွက် ထိုဒေသများတွင်လည်ပတ်ခရီးသွားကြမည့်သူများမှာ နွေ၏ အပူရှိန်ကို အချိန်အတိုင်းအတာတစ်ခုအထိတော့ ရှောင်နိုင်ကြပါလိမ့်မည်။

**အပူဓာတ်၊ ရေဓာတ်နှင့် အအေးဓာတ်များပေး**

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း သုံးရာသီအလှည့်ဖြင့် ဖြစ်ပေါ်ကာ မြန်မာပြည်သူပြည်သားများကို အပူဓာတ်၊ ရေဓာတ်နှင့် အအေးဓာတ်များ ပေးလျက်ရှိပါသည်။ တစ်နှစ်ပတ်လုံးတွင် မိုးရာသီချည်းလည်း မဖြစ်နိုင်ပါ။ ထို့အတူ ဆောင်းကာလသည်လည်း လိုသည်ထက်ပိုပြီး ကြာရှည်၍ မဖြစ်နိုင်ပါ။ ထိုကဲ့သို့ပင် နွေကာလသည်လည်း ပိုပိုသာသာကြာညောင်းလှ၍ မဖြစ်နိုင်ပါ။ လူသားတို့အတွက် နေထိုင်သည့် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ခံနိုင်ရည်ရှိသမျှ အတိုင်းအတာအလိုက် ရာသီဥတုများက တည်ရှိနေကြရသည်။ တစ်နည်းအားဖြင့်လည်း ရာသီဥတုတို့ တည်ရှိသမျှ အခြေအနေအလိုက် လူသားတို့က အဆင်ပြေအောင် လိုက်လျောနေထိုင်ပေးကြရခြင်း ဖြစ်ပါသည်။

လူသားအားလုံး အစိုဓာတ်၊ အအေးဓာတ်၊ ရေဓာတ်တို့ ထိတွေ့မှုများပြားပြီး အချိန်ကြာညောင်းပါက ခွေယိုနွမ်းလျ ဒုက္ခများ ဝေသီကုန်ကြပါလိမ့်မည်။ စိုစွတ်ထိုင်းမှိုင်းခြင်းကြောင့် ရောဂါဘယများ ထူပြောကုန်ကြပါလိမ့်မည်။ ရေကြီးခြင်း၊ မြေပြိုခြင်း၊ တာကျိုးခြင်း၊ ရေလျှံခြင်း၊ လေမုန်တိုင်းတိုက်ခြင်း၊ မိုးသည်းထန်ထစ်ချုန်းခြင်း စသည့်မိုးရာသီ၏ ကြောက်မက်ဖွယ်လက္ခဏာများကို သုံးလေးရက်ဆက်ကာ ကြုံခဲ့ကြရလျှင်ပင် လူသားတို့သည် နေသာခြင်း၊ နေပူခြင်းကို တောင့်တလာတတ်ကြပါသည်။

မြန်မာနိုင်ငံ၏ သမပိုင်းဒေသတွင် ပါဝင်သော နေရာများ၌ ဆောင်းကာလရောက်ပြီဆိုလျှင် ရေခဲသည့်ဓလေ့ ရှိပါသည်။ မိုးပွင့်အဖတ်များ ပါလာသည့် ဆီးနှင်းများကျဆင်းပြီး ပတ်ဝန်းကျင်တစ်ခွင်လုံး ဝိန်းပိတ်မှောင်မိုက်နေအောင် ရှိတတ်ပါသည်။

နွေရာသီရောက်ပြီဆိုလျှင်လည်း ဖေဖော်ဝါရီလကုန်မှ မေလလယ်ကာလအထိ လူသားများသည် နေရောင်ခြည်၏ အပူရှိန်ပြင်းပြမှုကို တဖြည်းဖြည်းတိုးမြင့်ခံစားကြရသည်။ မိုးရာသီနှင့် ဆောင်းရာသီတို့၏အအေးဓာတ်ကြောင့် ဖြစ်ပေါ်နေသော ရောဂါများနှင့် အခြားအခြားသော ဆိုးကျိုးများသည် နွေရာသီတွင် နေရောင်ခြည်၏ အပူဓာတ်ကြောင့် လွင့်ပါးပျောက်ကွယ်သွားကြရပါသည်။ ပတ်ဝန်းကျင်တွင် စွဲကပ်နေသော ပိုးမွှားများသည် နေရောင်ခြည်၏ ပြင်းထန်သောအပူရှိန်တွင် သေဆုံးကြရသည်။ နေရောင်ခြည် ပူပြင်းလွန်းသောကြောင့် စိတ်ပျက်စရာဟု မမြင်ကြဘဲ မိမိတို့လူသားများ အစိုဓာတ်၊ အအေးဓာတ်ကာလအတွင်း လပေါင်းများစွာနေလာခြင်းကြောင့်ဖြစ်ပေါ်နေသော ကိုယ်ခန္ဓာရှိ ရောဂါဆိုးကျိုးဘေးဒုက္ခများကို အပူဓာတ်ဖြင့် တစ်နည်းတစ်ဖုံ ပြန်လည်ကုသပေးသည့် ကာလဟု မှတ်ယူလိုက်ပါလျှင် လောကကြီးကို ကျေးဇူးတင်စရာ ဖြစ်လာပါလိမ့်မည်။

**နည်းလမ်းများ ရှာကြံသင့်**

သို့တိုင် မြန်မာပြည်တွင် နေထိုင်သူများအနေဖြင့် ပူပြင်းသောနွေရာသီကို နှစ်သက်ကြသူ တော်တော်ပင် ရှားလိမ့်မည်ထင်ပါသည်။ ပူပြင်းသောကြောင့် ကိုယ်စိတ်နှစ်ပါးစလုံး နွမ်းနယ်ကြရပါသည်။ ဖျားနာသူများပင်လျှင် အပူရှိန်ပြင်းထန်မှုကို နည်းမျိုးစုံဖြင့် အန်တုကြရပေရာ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် အပူရှိန်ပြင်းသောကာလများတွင် အနေအထိုင်ဆင်ခြင်နိုင်ကာမှ မိမိတို့၏ အသက်ဇီဝိန်အတွက် စိတ်ချရပါမည်။ ထို့ကြောင့် မိမိတို့ ကျန်းမာချမ်းသာစွာ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အပူရှိန်ပြင်းသောကာလကို သက်သက်သာသာ ဖြတ်ကျော်နိုင်ရန်နည်းလမ်းများ ရှာကြံသင့်ပါသည်။

ထို့အတူ မိုးရာသီတွင် လူသားများ လိုအပ်သော အအေးဓာတ်၊ အစိုဓာတ်နှင့် အာကာသမှ ကျဆင်းလာသောရေဓာတ်တို့ ရရှိနိုင်ကြပါသည်။ သဘာဝတရားကြီး၏ လိုအပ်ချက်ကြောင့် မိုးရာသီ ဖြစ်ပေါ်လာရသည့်အတွက် လူသားများအနေဖြင့် မကြိုက်သည့်တိုင် မိုးရာသီကို ပယ်ရှား၍ မရနိုင်ပါ။ မိမိတို့အသက်ရှင်ရပ်တည်ရေးအတွက် မိုးရာသီသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးပြုနေသည်သာ ဖြစ်ပါသည်။ ထိုနည်းတူ ဆောင်းရာသီသည် အချိန်တန်လျှင် မဖြစ်မနေ ကျရောက်ရမည် ဖြစ်ပါသည်။ စိမ့်ခြင်း၊ အေး၍ခြောက်သွေ့ခြင်း၊ ကိုယ်ခန္ဓာအေးစက်ထုံကျင်ခြင်း စသည့်ဆောင်းရာသီရောက်လာလျှင် ခံစားရသောဝေဒနာများကို ရှောင်လွှဲ၍ မရနိုင်သလို မိုးရာသီကြောင့် စိုစွတ်နေမှုမှ ခြောင်းလက်ခင်း သာလာသောကြောင့် နေကောင်းထိုင်သာဖြစ်လာသည့် ကောင်းကျိုး၊ ဆိုးကျိုး နှစ်မျိုးစလုံးကို ဆောင်းရာသီက ပေးစွမ်းနိုင်ပါသည်။

**ကြည့်နေကြည့်ထိုင်ကြရမည်**

ရာသီဥတုဟူသည် အမြဲတည်ရှိနေမည့် ပရမတ်သဘောတစ်ခုဖြစ်ပါသည်။ လူသားတို့ကသာ လောကအတွင်းသို့ ရောက်လာလိုက် ထွက်သွားလိုက်နှင့် ဧည့်သည်ပမာ ဖြစ်ကြပါသည်။ ထို့ကြောင့် ခေတ္တတည်းခိုသူ ဧည့်သည်၏ အလိုကိုအိမ်ရှင်ဖြစ်သော ရာသီဥတုများက လိုက်လျောရန် အကြောင်းမရှိဘဲ အိမ်ရှင်ဖြစ်သော ရာသီဥတုကိုသာ လူသားများက အလိုက်အထိုက် ကြည့်နေကြည့်ထိုင်ကြရမည်မှာ လောကဓမ္မတာတစ်ခု ဖြစ်ပါသည်။ ရာသီဥတုကသာ လူသားများကို ပြုပြင်စီရင်သွားရန်အခွင့်ရှိပြီး လူသားများက ရာသီဥတုကို ပြုပြင်နိုင်ရန် အကြောင်းမရှိ၊ ရာသီဥတုဆိုးရွားခြင်းကို လျော့ပါးကျော်လွှားရန် ကြိုးပမ်းနိုင်ခွင့်သာရှိပါသည်။ ရာသီဥတု၏ ပုံမှန်လည်ပတ်သွားလာနေမှုကို ဖျက်ဆီးဟန့်တားသကဲ့သို့ ပြုမူမိလျှင် တစ်ချိန်တွင် ရာသီဥတု၏ဒဏ်ခတ်မှုကို ခံရမည်မှာ မလွဲပါ။

ထိုသို့ ဒဏ်ခတ်ခြင်း မခံရစေရန်နှင့် ရာသီဥတုကို လိုက်လျောညီထွေနေတတ်စေရန် လူသားတို့အတွက် သင့်တင့်လျောက်ပတ်သော ဉာဏ်၊ ပညာ၊ ဗဟုသုတများပြည့်စုံနေရန် လိုအပ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာအနေဖြင့် အပူဒဏ်ကို လျော့ပါးသက်သာစေရန်နှင့် ရေကြီး၊ မြေပြို၊ မီးလောင်၊ လျှပ်စစ်လျှပ်စသည့် ရာသီဥတုဖောက်ပြန်ခြင်းများကို တတ်နိုင်သမျှ ထိန်းသိမ်းကာကွယ်သွားနိုင်စေရန် လိုအပ်သည့်နေရာများတွင် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် တဖြည်းဖြည်း ကျော်လွှားနိုင်သကဲ့သို့ စိတ်ပိုင်းဆိုင်ရာ အပူဒဏ်များ လျော့ပါးကင်းငြိမ်းစေရေးအတွက် မိမိတို့၏သန္တာန်တွင်ရှိသော လောဘီလူသားများ မထားရှိအပ်သည့် လောဘ၊ ဒေါသ၊ မောဟ၊ မာနများကို တတ်နိုင်သမျှ လျော့ကျစေရန် နှိမ်နိုင်းကြရပါမည်။ သို့မှသာ ရုပ်ပိုင်းဆိုင်ရာ အေးချမ်းသော်လည်း စိတ်ပိုင်းဆိုင်ရာ ပူလောင်ခြင်းဒုက္ခမှ ကင်းဝေးနိုင်သမျှ ကင်းဝေးကြပါလိမ့်မည်။

**မိမိကိုယ်တိုင် ငြိမ်းသတ်**

မိမိတို့၏ သန္တာန်တွင်ရှိသော မိမိတို့ကိုယ်ကိုပင် ပူလောင်စေသည့် အကြောင်းရင်းများကို သေချာစေ့ငုရှာဖွေပြီး ဖယ်ရှားလျှော့ချနိုင်မှသာ အေးချမ်းမှု၏အရသာကို မိမိထိုက်တန်သလောက် ခံစားရနိုင်ပါသည်။ ပြင်ပဗဟိဒ္ဓအပူသည် မိမိကိုလည်းပူလောင်စေသလို မိမိပတ်ဝန်းကျင်ကိုလည်း ကူးစက်လောင်မြိုက်စေပါသည်။ ရာသီဥတုသည် ဗဟိဒ္ဓ အပူဖြစ်ပေါ်စေရန် အကြောင်းအချက်တစ်ခုဖြစ်သော်လည်း မိမိကိုယ်တိုင်က ကျော်လွှားနိုင်ရန် အားထုတ်ကြိုးစားနိုင်ပါလျှင် အဆိုပါရာသီဥတုကြောင့် ဖြစ်ပေါ်သောအပူသည် အပယိကသာ ဖြစ်သွားပါလိမ့်မည်။ စင်စစ်ရာသီဥတုကြောင့် ဖြစ်ပေါ်သောအပူသည် တဒင်္ဂအပူသာဖြစ်ပါသည်။ နေ့ပူပြီး ညပျောက်သည့် သဘောဖြစ်ပါသည်။ သို့သော် ဗဟိဒ္ဓအပူသာမက အတွင်းအဇ္ဈတ္တအပူတို့ကို မိမိကိုယ်တိုင်ကပင် ဖန်တီးနေသည်ဖြစ်ရာ မိမိ၏အပူကို မိမိကိုယ်တိုင် ငြိမ်းသတ်ရပါမည်။ မိမိကိုယ်တိုင် ငြိမ်းသတ်ရန်လည်း တာဝန်ရှိပါသည်။ မိမိ၏ ဗဟိဒ္ဓအပူနှင့် အဇ္ဈတ္တအပူတို့ကို မိမိကလွဲပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ငြိမ်းသတ်၍ မရနိုင်ပါ။

ထိုပူလောင်မှုများကို မိမိ၏ သန္တာန်မှာပင်ရှိသော မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတရားများပေါင်းစုထားသည့် ဖြဟ္မစိုရ်တရားကို လက်ကိုင်ထားကျင့်သုံးခြင်းဖြင့် မိမိကိုယ်တိုင်သာမက မိမိ၏ပတ်ဝန်းကျင်ရှိ ပုဂ္ဂိုလ်၊ သတ္တဝါများကိုပါ မျှဝေငြိမ်းချမ်းစေနိုင်ပါသည်။ ဖြဟ္မစိုရ်တရားဖြင့် လောကကြီးကိုဖျန်းပက်ကာ အေးငြိမ်းသာယာဝပြောစေနိုင်ပါသည်။ အေးငြိမ်းစေရန်လည်း တိုက်တွန်းအားပေးနိုင်ပါသည်။ ဖြဟ္မစိုရ်တရားသည် သဘာဝ၏ပူလောင်မှုကိုသာမက လောက၏မငြိမ်းချမ်းမှုများကိုပါ အေးချမ်းသာယာ ရှိစေနိုင်သည့် သတ္တိထူးရှိပါသည်။ တစ်ဦးတစ်ယောက်ကစ တစ်ရာတစ်ထောင် ကျင့်သုံးကြခြင်းဖြင့် မိမိတို့၏ ကိုယ်စိတ်နှလုံးအေးချမ်းမှုကို ရရှိနိုင်ပြီး ပူလောင်မှုအဝဝကို ကျော်ဖြတ်ငြိမ်းသတ်နိုင်စွမ်း ရှိလာပါလိမ့်မည်။ ဖြဟ္မစိုရ်တရား လက်ကိုင်ထား ဖြေရှင်းဆောင်ရွက်မှသာ ပူလောင်မှုများ ငြိမ်းအေးစေနိုင်ပါလိမ့်မည်။

ထို့ကြောင့် နွေရာသီတွင် ဖြစ်ပေါ်နေသော အပူရှိန်ထက် အဆများစွာ ပြင်းပြသောအပူရှိန်တို့ စုဝေးတည်ရှိရာ မိမိ၏ကိုယ်တွင်း ပြင်ပသန္တာန်ရှိ ပူလောင်မှုများကို ဖြဟ္မစိုရ်တရား ကျင့်သုံးခြင်းဖြင့် မိမိတို့ကိုယ်တိုင် ငြိမ်းချမ်းအေးမြစေပြီး မိမိ၏ပတ်ဝန်းကျင်ကိုပါ ဖြန့်ကြက်ငြိမ်းချမ်းအေးမြစေရန် ကြိုးစားဆောင်ရွက်သင့်လှပါကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**❖ ထိုပူလောင်မှုများကို မိမိ၏သန္တာန်မှာပင်ရှိသော မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတရားများပေါင်းစုထားသည့် ဖြဟ္မစိုရ်တရားကို လက်ကိုင်ထားကျင့်သုံးခြင်းဖြင့် မိမိကိုယ်တိုင်သာမက မိမိ၏ပတ်ဝန်းကျင်ရှိ ပုဂ္ဂိုလ်၊ သတ္တဝါများကိုပါ မျှဝေငြိမ်းချမ်းစေနိုင်။**

**❖ ဖြဟ္မစိုရ်တရားသည် သဘာဝ၏ ပူလောင်မှုကိုသာမက လောက၏မငြိမ်းချမ်းမှုများကိုပါ အေးချမ်းသာယာရှိစေနိုင်သည့် သတ္တိထူးရှိပါသည်။ တစ်ဦးတစ်ယောက်ကစ တစ်ရာတစ်ထောင်ကျင့်သုံးကြခြင်းဖြင့် မိမိတို့၏ ကိုယ်စိတ်နှလုံးအေးချမ်းမှုကို ရရှိနိုင်ပြီး ပူလောင်မှုအဝဝကို ကျော်ဖြတ်ငြိမ်းသတ်နိုင်စွမ်းရှိလာပါလိမ့်မည်။ ဖြဟ္မစိုရ်တရား လက်ကိုင်ထားဖြေရှင်းဆောင်ရွက်မှသာ ပူလောင်မှုများ ငြိမ်းအေးစေနိုင်။**

# CDM လုပ်ရှားသူတွေကို ပြောချင်တာက သွေးထိုးလှုံ့ဆော်မှုတွေကို ကိုယ့်ကိုယ်ပိုင်ဉာဏ်နဲ့ အမှန်ဖြစ်နိုင်လား၊ အမှားဖြစ်နိုင်လားဆိုတာကို ဝေဖန်ပိုင်းခြားချင့်ချိန်စဉ်းစားကြပါ၊ အမှားကိုသိ အမှန်ကိုပြင်ပြီး ဆုံးဖြတ်ချက်ချသင့်ပါပြီ

**ကိုဟိန်းလင်း**

CDM လှုပ်ရှားမှုများ၏ ဆိုးကျိုးသက်ရောက်မှုများကြောင့် တစ်နေ့အလုပ်လုပ်မှ တစ်နေ့စားသောက်ကြရသည့်ဘဝအတွက် ရုန်းကန်နေကြသော ပြည်သူများနှင့် အငှားယာဉ်မောင်းများအတွက် စားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြရသည်။ မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်နေကြရသည့် ပြည်သူများနှင့် အငှားယာဉ်မောင်းအချို့၏ ရင်တွင်းဖြစ်စကားသံများကို တင်ပြလိုက်ရပါသည်။

**သန်လျင်မြို့နယ်နေ အငှားယာဉ်မောင်း ကိုဟိန်းလင်း**

"အိမ်မှာမိသားစု ငါးဦးရှိပြီး အဖေနဲ့ အမေရယ် ကျွန်တော်တို့မောင်နှမ သုံးယောက်ရယ် ရှိကြပါတယ်။ ကျွန်တော်ကတော့ အုံနာဆီကနေ ကားယူ အငှားယာဉ်မောင်းပြီး အစ်ကိုနဲ့ အစ်မကတော့ ဈေးရောင်းကြပါတယ်။ ကျွန်တော်မောင်းတဲ့ကားက အုံနာဆီက ယူမောင်းတာဆိုတော့ တစ်ရက်ကို အုံနာကြေးငွေကျပ် ၈၀၀၀ ပေးရပါတယ်။ ကားအုံနာက အိမ်ကိုကားပေးထားတာဆိုတော့ ည ၈ နာရီအထိ ပုံမှန်ကားမောင်းတာဖြစ်တဲ့အတွက် လုပ်ကိုင်စားသောက်ရာမှာ အဆင်ပြေခဲ့ပါတယ်။ ဆီဖိုးနဲ့ ကားအုံနာခနုတ်ပြီး တစ်ရက်ကို ဝင်ငွေကျပ် တစ်သောင်းအထိ ရရှိပါတယ်။ ကိုဗစ် ပထမလှိုင်းနဲ့ ဒုတိယလှိုင်းစပ်ကြားကာလမှာ ကားငှားစီးတဲ့ ခရီးသည်နည်းပါးသွားတော့ တစ်ရက်ကို ဆီဖိုးနဲ့ ကားအုံနာခနုတ်ပြီး ကျွန်တော့်အတွက် သိပ်မကျန်တော့ပါဘူး။ ဒါကြောင့် ကားပိုင်ရှင်က အုံနာကြေးကို တစ်ရက်တစ်ထောင်လျှော့ပြီး ငွေကျပ် ခုနစ်ထောင်ပဲ ယူပါတော့တယ်။

အခု ဖေဖော်ဝါရီလဆန်းမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်ပြီး CDM လှုပ်ရှားမှုတွေ ဆက်တိုက်ဖြစ်လာတော့ ကားငှားစီးမယ့်ခရီးသည်ကလည်း လမ်းမှာ သိသိသာသာမရှိတော့ပါဘူး။ CDM လှုပ်ရှားသူတွေရဲ့ မင်းမဲ့စရိုက်ဆန်ဆန် အများပိုင်ပစ္စည်းတွေကိုဖျက်ဆီးပြီး လမ်းပိတ်ဆို့မှုများကြောင့် ယာဉ်မောင်းရာမှာ အခက်အခဲဖြစ်ပေါ်ခဲ့ရပြီး ခရီးသည်လည်းမရှိတော့တာနဲ့ ကျွန်တော်မောင်းနေတဲ့ အငှားကားအား အုံနာဆီကိုပြန်အပ်လိုက်ရပါတယ်။ ပိုဆိုးလာတာကတော့ တစ်နေ့လုပ်တစ်နေ့စားဘဝအတွက် ရုန်းကန်နေကြရတဲ့ ပြည်သူတွေခမျာ အလုပ်တွေလည်းပိတ်ထားပြန်တော့ အလုပ်ထွက်လုပ်လို့မရဖြစ်ကြရပြီး မိသားစုတစ်နေ့တာ ဝယ်ခြမ်းစားသောက်ဖို့အတွက်ပါ အခက်အခဲဖြစ်ခဲ့ကြရပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းမှ ကျွန်တော်တို့လို အခြေခံလူတန်းစားတွေအတွက် စားဝတ်နေရေးအဆင်ပြေမှာမို့ ပြည်သူတစ်ယောက်အနေနဲ့ပြောရရင် အရင်လို အေးအေးချမ်းချမ်း ပြန်ဖြစ်စေချင်တယ်။

ဒါကြောင့် CDM လှုပ်ရှားသူတွေကို ပြောချင်တာက သွေးထိုးလှုံ့ဆော်မှုတွေကို ကိုယ့်ကိုယ်ပိုင်ဉာဏ်နဲ့ အမှန်ဖြစ်နိုင်လား၊ အမှားဖြစ်နိုင်လားဆိုတာကို ဝေဖန်ပိုင်းခြား ချင့်ချိန်စဉ်းစားကြပါ၊ အမှားကိုသိ အမှန်ကိုပြင်ပြီး ဆုံးဖြတ်ချက် ချသင့်ပါပြီလို့ပဲ ပြောချင်ပါတယ်"။

**ကုမ္ပဏီဝန်ထမ်း ကိုထွန်းမောင်ကြိုင်**

"ကျွန်တော်ကတော့ စမ်းချောင်းမှာ နေထိုင်တဲ့သူတစ်ယောက်ပါ။ လက်ရှိမှာတော့ ကျွန်တော်က ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှာ ဗီဒီယိုအယ်ဒီတာတစ်ယောက်ပါ။ ကိုဗစ်ကာလမှာ အလုပ်ကို ရက်ခြားဆိုသလို ဆင်းခဲ့ရပါတယ်။ လစာကတော့ တစ်လစာရဲ့ထက်ဝက်အနေနဲ့တော့ ရရှိခဲ့ပါတယ်။ ဒါပေမယ့် ကိုဗစ်ရောဂါကူးစက်မှုနှုန်းက တိုးလာတဲ့အတွက်ကြောင့် သူဌေးက အလုပ်ကို လုံးဝပိတ်လိုက်ပြီးတော့ ရပ်နားလိုက်ပါတယ်။ ဇန်နဝါရီလနောက်ဆုံးအပတ်မှာ ကျွန်တော့် အလုပ်ပြန်ဖွင့်တော့ အလုပ်ပြန်ဆင်းနေတုန်း ဖေဖော်ဝါရီ ၁ ရက်မှာ နိုင်ငံရေးအပြောင်းအလဲဖြစ်ပြီး ဒုတိယအပတ်လောက်မှာပဲ CDM လှုပ်ရှားမှုတွေ ဆက်တိုက်ဖြစ်လာတဲ့အတွက် အလုပ်ရှင်သူဌေးအနေနဲ့ စိုးရိမ်ကြောင့်ကြမှုတွေဖြစ်ပြီး အလုပ်ကိုထပ်ပိတ်လိုက်တာဟာ ယနေ့အထိတိုင်အောင်ပါပဲ။ အခုထိကို အလုပ်မရရှိတော့ နေထိုင်စားသောက်ရတာ တော်တော်အခက်အခဲဖြစ်နေရပါတယ်။

CDM လှုပ်ရှားသူတွေကို ပြောချင်တာကတော့ အခုလိုအခြေအနေမှာ အစိုးရဝန်ထမ်းပဲဖြစ်ဖြစ် ပုဂ္ဂလိကဝန်ထမ်းပဲဖြစ်ဖြစ် သူတို့တွေအတွက် စားဝတ်နေရေး အဆင်ပြေပါ့မလားဆိုတာတွေကိုလည်း ထည့်သွင်းစဉ်းစားပေးစေချင်ပါတယ်။ CDM လှုပ်ရှားနေကြတဲ့ အိမ်ပိုင်ယာပိုင်ရှိတဲ့သူတွေအတွက် ကျောတစ်ခင်းစာ အဆင်ပြေနိုင်စေပေမယ့် ကျွန်တော်တို့လို အဆောင်မှာ အခန်းငှားနေကြရတဲ့သူတွေအတွက် လက်ရှိအလုပ်အကိုင်မရှိ အလုပ်ရှင်သူဌေးဟောင်းရဲ့ ထောက်ပံ့မှုလည်းမရှိတာကြောင့် အကျပ်အတည်းတွေ ကြုံတွေ့နေရတယ်။ ကိုယ့်အတ္တထက် သူတစ်ပါးအခက်အခဲကိုလည်း မြင်သာအောင် လှည့်ကြည့်ပေးပါလို့"။

**အငှားယာဉ်မောင်း ဦးဝင်းသူ(အမည်လွှဲ)**

"ကျွန်တော်က သာကေတမြို့နယ်မှာ နေထိုင်ပါတယ်။ အိမ်ထောင်သည်တစ်ဦးပါ။ တက္ကသိုလ်ပညာသင်ကြားနေတဲ့ သမီးတစ်ယောက်ရှိပါတယ်။ ဇနီးနဲ့ဆို အားလုံး သုံးယောက်ပါ။ ကျွန်တော်ဆိုရင် အငှားယာဉ်မောင်းလာခဲ့တာကြာခဲ့ပါပြီ။ အရစ်ကျစနစ်နဲ့ ဝယ်ယူထားတဲ့ ကိုယ်ပိုင်ယာဉ်ဆိုပေမယ့် ဝယ်ထားတာလည်း မကြာသေးတော့ ယာဉ်အတွက် လစဉ်အရစ်ကျငွေ ပေးသွင်းနေရပါတယ်။ ကိုဗစ်ကာလကတည်းက လမ်းမှာ ယာဉ်ငှားစီးမယ့်သူဆိုတာမရှိသလောက်ဖြစ်ခဲ့တယ်။ ဒါလည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ကာကွယ်နေတာမို့ လူတွေအပြင်ထွက်တာ သိပ်မရှိတော့တဲ့အတွက် ယာဉ်ငှားစီးမယ့်ခရီးသည်ဆိုတာ မရှိသလောက်ကို နည်းပါးသွားခဲ့တာပါ။ ဖေဖော်ဝါရီလကစလို့ နိုင်ငံရေးအပြောင်းအလဲဖြစ်ပြီး CDM ဆိုတဲ့အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေပါ ဆက်တိုက်ဖြစ်ပေါ်လာတော့ လမ်းမှာ ခရီးသည်ဆိုတာ မရှိတော့သလောက် ဖြစ်ခဲ့ပါတယ်။

ကျွန်တော်ဆိုရင် ကားစီးမယ့် ခရီးသည်တော်တော်နည်းပါးနေတာမို့ ယနေ့ထိ ကားမထွက်နိုင် ဖြစ်နေရတာပါ။ CDM လှုပ်ရှားမှုတွေဟာ နေ့စဉ်ရက်ဆက်ဆိုသလို ဆက်တိုက်ဖြစ်ပေါ်ခဲ့တယ်။ ဆန္ဒပြသူတွေဟာ တဖြည်းဖြည်းနဲ့ အကြမ်းဖက်ပုံစံဖြစ်လာပြီး အများပိုင်ပစ္စည်းတွေကိုပါ ဖျက်လိုဖျက်ဆီးလုပ်လာကြတယ်။ လမ်းတွေကို မြို့တော်စည်ပင်ကထားရှိတဲ့ ဘလောက်တုံးနဲ့ပိတ်လိုပိတ်၊ ပြည်သူတွေအမှိုက်စွန့်ပစ်တဲ့ အမှိုက်ပုံးတွေနဲ့ လမ်းပိတ်ဆို့တာတွေ ပြုလုပ်လိုလုပ်နဲ့ လုပ်ဆောင်လာတာတွေ့ရပါတယ်။ ရှင်းလင်းဖယ်ရှားဖို့ လာရောက်ကြတဲ့ လုံခြုံရေးဝန်ထမ်းတွေလာပြီဆိုရင် အကြမ်းဖက်သူတွေဟာ ထွက်ပြေးကြပြီး တာဝန်ရှိသူတွေက ရှင်းလင်းဖယ်ရှားပြီးလို့ ပြန်ကြပြီဆိုရင် ထပ်မံလမ်းပိတ်ဆို့မှုတွေကို ပြုလုပ်ကြပါတယ်။ မက်လုံးပေးပြီး ဆွယ်တဲ့သဘောလားလို့တောင် ထင်ရအောင် CDM ထောက်ပံ့မှုတွေ လုပ်ပေးမယ်ဆိုပြီး နိုင်ငံ့ဝန်ထမ်းတွေကို ဆွယ်လာတာတွေလည်း ယနေ့ထိတိုင်အောင် လူမှုကွန်ရက်စာမျက်နှာများ၊ မီဒီယာများမှတစ်ဆင့် ဖော်ပြနေတာကို တွေ့နေရပါတယ်။ တချို့လည်း နားယောင်မိပြီး ရောယောင်ဆန္ဒပြတာတွေ ပြုလုပ်လာကြတယ်ဆိုပေမယ့် ကျွန်တော်တို့ အခြေခံလူတန်းစား တော်တော်များများအတွက် CDM လှုပ်ရှားမှုတွေမှာ ပါဝင်မှုမရှိသလောက်နည်းပါးခဲ့ကြပြီး ကိုယ့်မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်နေကြရတာဖြစ်တဲ့အတွက် အေးအေးချမ်းချမ်းနဲ့ပဲ အလုပ်လုပ်ကိုင်စားသောက်ချင်ကြတာပါ။

ဘာပဲပြောပြော အဖျက်အမှောင့်ပုံစံအထိဖြစ်လာတဲ့ ဆန္ဒပြမှုတွေကို ကျွန်တော်တို့လို တစ်နေ့လုပ်တစ်နေ့စား ပြည်သူတွေအနေနဲ့ ဘယ်လိုမှ လက်ခံပေးနိုင်စရာအကြောင်း မရှိပါဘူး။ ပြည်သူကောင်းစားရေးပြောပြီး တကယ်တမ်း ပြည်သူတွေ အိမ်ထဲကအိမ်ပြင်မထွက်ရဘဲ စားဝတ်နေရေးအတွက် ငွေရှာမရအောင် သူတို့ကိုယ်တိုင် ဖန်တီးနေတာလို့ ကျွန်တော်ကတော့ မြင်မိပါတယ်ဗျာ"။

**မောင်စိန်ဝင်း**

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

## ခရီးဝေးယာဉ်လိုင်းများ ကားခ လျှော့ချပေးစေလို

အယ်ဒီတာခင်ဗျာ–

ကိုဗစ်–၁၉ ရောဂါကာလ ခရီးသွားလာမှုများ အဆင်ပြေစေရန် ခရီးဝေးယာဉ်လိုင်းများအနေဖြင့် ခရီးသည်တစ်ဦးလျှင် ထိုင်ခုံနှစ်ခုံစာအတွက် ကားခကို နှစ်ဆတိုးယူခဲ့ပါသည်။

ယခုအခါ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုလျော့ကျလာခြင်း၊ ခရီးသွားလာမှုများပြားလာခြင်းတို့ကြောင့် ယခင်နှစ်ဆတိုးကောက်ခံခဲ့သည့် ကားခများကို မူလဈေးနှုန်းများအတိုင်း ပြန်လည်လျှော့ချပေးနိုင်ရေးအတွက် အဝေးပြေးယာဉ်လိုင်းကြီးကြပ်ရေးအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ပေးပါရန် ခရီးသွားများအကျိုး ရှေးရှုလျက်တင်ပြအပ်ပါသည်။

**ခရီးသွားတစ်ဦး**

## ရန်ကုန် YBS ယာဉ်များ တိုးချဲ့ပြေးဆွဲပေးပါ

အယ်ဒီတာခင်ဗျာ–

ကျွန်တော်သည် ရန်ကုန်မြို့တွင်းသို့ နေ့စဉ် ခရီးသွားလာနေရသော ခရီးသည်တစ်ဦးဖြစ်ပါသည်။ လတ်တလောအခြေအနေများကြောင့် YBS ယာဉ်စီးရေကို လျှော့ချပြေးဆွဲမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

ယခုအခါ မြို့ပြတည်ငြိမ်စပြုလာပြီဖြစ်၍ မြို့တွင်းခရီးသွားလာကြသူများလည်း ပြန်လည်များပြားလာပြီဖြစ်ပါသည်။ သို့သော်လည်း ပြေးဆွဲသော ယာဉ်စီးရေမှာ အလွန်နည်းပါးနေ၍ ခရီးသွားများအချိန်ကြာမြင့်စွာ ကားစောင့်ဆိုင်းရခြင်း၊ ကျပ်တည်းစွာ စီးနင်းလိုက်ပါရခြင်းတို့ ကြုံတွေ့နေကြရပါသဖြင့် အခြေအနေ အချိန်ခါလိုက်၍ ယာဉ်စီးရေတိုးချဲ့ ပြေးဆွဲပေးပါရန် အယ်ဒီတာမှတစ်ဆင့် တင်ပြအပ်ပါသည်။

**ရန်ကုန်ခရီးသွားတစ်ဦး**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မဲရုံပေါင်း ၁၀၀ ရုံ | ၁၂၃၆၀၆ | ၁၀၀၁၉၁ | ၄၄၅၉ | ၆၂၁ | ၁၂၄၅၆ |
| ၂ | မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မဲရုံပေါင်း ၂၈၁ ရုံ | ၁၉၁၆၈၅ | ၁၈၂၆၂၆ | ၉၆၄၁ | ၃၀၃၄ | ၂၉၅၇၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၈၁၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၆၁၉၈၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၆၁၄၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၅၈၄၅၊ မြေပြင်လက်ကျန် ၁၁၉၆၁၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၇၅၁၀ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၂၈၁ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ယင်းမာပင် | ၁၀၀ | ၁၃၈၅၅၈ | ၉၆၄၇၉ | ၄၂၀၇၉ | ၃၉၈၁၃ | ၃၅၄၇ | ၁၂၈၁ |
| ၂ | နတ်မောက် | ၂၈၁ | ၂၂၃၄၃၀ | ၁၃၉၆၆၄ | ၈၃၇၆၆ | ၇၉၈၀၃ | ၃၉၆၃ | |
| | စုစုပေါင်း | ၃၈၁ | ၃၆၁၉၈၈ | ၂၃၆၁၄၃ | ၁၂၅၈၄၅ | ၁၁၉၆၁၆ | ၇၅၁၀ | ၁၂၈၁ |

**ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၂ အုပ်စု၊ မဲရုံပေါင်း ၁၀၀ ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၈၅၅၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၆၄၇၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၂၀၇၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၉၈၁၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၃၃၃၉၉ | ၉၅၈၂၇ | ၃၇၅၇၂ | ၃၅၃၀၆ | ၃၅၄၇ | ၁၂၈၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၆၄ | ၆၅၂ | ၁၁၂ | ၁၁၂ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၃၉၅ | - | ၄၃၉၅ | ၄၃၉၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၈၅၅၈ | ၉၆၄၇၉ | ၄၂၀၇၉ | ၃၉၈၁၃ | ၃၅၄၇ | ၁၂၈၁ |

၆။ ယင်းမာပင်မြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၂ အုပ်စုရှိ မဲရုံ ၁၀၀ တို့တွင် မဲလက်မှတ်အရေအတွက် ၃၅၄၇ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၁၂၈၁ အပို တွေ့ရှိရပါသည်။

၇။ ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | (က)ရပ်ကွက် | ၁၁၀၀ | ၈၃၅ | ၂၆၅ | ၂၆၅ | | |
| ၂ | (ဂ)ရပ်ကွက် | ၁၁၀၀ | ၇၅၇ | ၃၄၃ | ၃၉၃ | | ၅၀ |
| ၃ | (ဃ)ရပ်ကွက် | ၃၀၀ | ၂၁၀ | ၉၀ | ၄၀ | ၅၀ | |
| ၄ | ကံချောင်ကျေးရွာအုပ်စု | ၂၈၃၅ | ၁၇၈၉ | ၁၀၄၆ | ၇၁၁ | ၃၃၅ | |
| ၅ | ကျောက်မှော်ကျေးရွာအုပ်စု | ၅၃၂၄ | ၃၈၅၉ | ၁၄၆၅ | ၁၉၄၁ | | ၄၇၆ |
| ၆ | စည်လောင်ကျေးရွာအုပ်စု | ၃၁၉၅ | ၂၃၉၆ | ၇၉၉ | ၆၅၄ | ၁၄၅ | |
| ၇ | စုန်းကျင်းကျေးရွာအုပ်စု | ၃၇၀၀ | ၂၉၈၃ | ၇၁၇ | ၆၁၇ | ၁၀၀ | |
| ၈ | စုန်းချောင်းကျေးရွာအုပ်စု | ၅၉၂၀ | ၄၅၉၀ | ၁၃၃၀ | ၁၀၆၀ | ၂၇၀ | |
| ၉ | ဆည်ကြီးကျေးရွာအုပ်စု | ၃၁၄၅ | ၂၄၀၃ | ၇၄၂ | ၂၉၇ | ၄၄၅ | |
| ၁၀ | ဇီးဖြူပင်ကျေးရွာအုပ်စု | ၁၀၅၀ | ၇၆၉ | ၂၈၁ | ၃၃၁ | | ၅၀ |
| ၁၁ | တောင်ပုကျေးရွာအုပ်စု | ၄၀၅၀ | ၂၉၁၃ | ၁၁၃၇ | ၁၀၈၃ | ၅၄ | |
| ၁၂ | ပြန်လှည့်ကျေးရွာအုပ်စု | ၂၅၀၀ | ၁၈၇၅ | ၆၂၅ | ၆၂၅ | | |
| ၁၃ | ပြန်လှည့်-သီးကုန်းကျေးရွာအုပ်စု | ၂၁၅၀ | ၁၄၉၈ | ၆၅၂ | ၆၅၂ | | |
| ၁၄ | ဖြုတ်ဒါတ်ကျေးရွာအုပ်စု | ၃၃၅၀ | ၂၃၆၄ | ၉၈၆ | ၉၈၆ | | |
| ၁၅ | ဘန့်ဘွေးကျေးရွာအုပ်စု | ၈၈၃၀ | ၇၀၇၅ | ၁၇၅၅ | ၁၃၇၅ | ၃၈၀ | |
| ၁၆ | မင်းဇူးကျေးရွာအုပ်စု | ၂၁၅၀ | ၁၆၅၁ | ၄၉၉ | ၄၉၉ | | |
| ၁၇ | မင်းကံကြီးကျေးရွာအုပ်စု | ၄၅၀၀ | ၃၃၆၈ | ၁၁၃၂ | ၁၀၃၂ | ၁၀၀ | |
| ၁၈ | မြို့သစ်ကျေးရွာအုပ်စု | ၁၀၀၀ | ၇၈၁ | ၂၁၉ | ၂၁၉ | | |
| ၁၉ | မြို့ကြီးကျေးရွာအုပ်စု | ၃၃၀၀ | ၂၁၉၁ | ၁၁၀၉ | ၉၅၉ | ၁၅၀ | |
| ၂၀ | မြရိပ်ကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၈၆ | ၄၆၄ | ၄၆၄ | | |
| ၂၁ | မောက်သရက်ကျေးရွာအုပ်စု | ၁၄၅၀ | ၇၄၆ | ၇၀၄ | ၆၅၄ | ၅၀ | |
| ၂၂ | ရွာထောင်ကျေးရွာအုပ်စု | ၁၀၅၀ | ၈၂၇ | ၂၂၃ | ၂၇၃ | | ၅၀ |
| ၂၃ | ရွာသာကျေးရွာအုပ်စု | ၁၈၅၀ | ၁၂၇၄ | ၅၇၆ | ၄၇၆ | ၁၀၀ | |
| ၂၄ | ရွှေပန်းနိုင်ကျေးရွာအုပ်စု | ၁၆၅၀ | ၁၀၇၇ | ၅၇၃ | ၅၂၃ | ၅၀ | |
| ၂၅ | (ခ)ရပ်ကွက် | ၂၃၅၀ | ၁၆၃၀ | ၇၂၀ | ၈၇၀ | | ၁၅၀ |
| ၂၆ | ကုန်းရွာကျေးရွာအုပ်စု | ၄၁၀၀ | ၂၇၄၅ | ၁၃၅၅ | ၁၄၀၅ | | ၅၀ |
| ၂၇ | ကြပ်ကျေးရွာအုပ်စု | ၄၃၅၀ | ၃၂၄၂ | ၁၁၀၈ | ၁၂၅၈ | | ၁၅၀ |
| ၂၈ | ကပိုင်ကျေးရွာအုပ်စု | ၅၃၅၀ | ၃၈၆၈ | ၁၄၈၂ | ၁၃၈၂ | ၁၀၀ | |
| ၂၉ | ကပိုင်-သီးကုန်းအုပ်စု | ၂၅၀၀ | ၁၆၃၁ | ၈၆၉ | ၈၁၉ | ၅၀ | |
| ၃၀ | စိုင်လျှားကျေးရွာအုပ်စု | ၂၃၅၀ | ၁၅၈၉ | ၇၆၁ | ၇၆၁ | | |
| ၃၁ | ဆင်စွယ်ကျေးရွာအုပ်စု | ၂၂၀၀ | ၁၉၅၇ | ၂၄၃ | ၃၉၃ | | ၁၅၀ |
| ၃၂ | ဆင်တဲကျေးရွာအုပ်စု | ၄၄၀၀ | ၂၈၇၃ | ၁၄၂၇ | ၁၁၂၇ | ၃၀၀ | |
| ၃၃ | ဇီးတောကျေးရွာအုပ်စု | ၁၈၅၀ | ၁၁၆၈ | ၆၈၂ | ၆၈၂ | | |
| ၃၄ | ညောင်ပင်ကြီးစုကျေးရွာအုပ်စု | ၂၅၅၀ | ၁၈၂၈ | ၇၂၂ | ၇၇၂ | | ၅၀ |
| ၃၅ | ညောင်ကိုင်းကျေးရွာအုပ်စု | ၂၆၀၀ | ၁၈၀၀ | ၈၀၀ | ၈၀၀ | | |
| ၃၆ | တာဝကျေးရွာအုပ်စု | ၅၁၀၀ | ၃၅၀၅ | ၁၅၉၅ | ၁၅၉၅ | | |
| ၃၇ | နတ္တောင့်ကျေးရွာအုပ်စု | ၂၄၅၀ | ၁၆၇၈ | ၇၇၂ | ၈၂၂ | | ၅၀ |
| ၃၈ | မောက်လုပ်ကျေးရွာအုပ်စု | ၂၇၀၀ | ၁၇၀၀ | ၁၀၀၀ | ၁၀၀၅ | | ၅ |
| ၃၉ | ရင်ပေါင်တိုင်ကျေးရွာအုပ်စု | ၄၃၅၀ | ၃၀၆၈ | ၁၂၈၂ | ၁၁၈၂ | ၁၀၀ | |
| ၄၀ | လက်လှုပ်ကျေးရွာအုပ်စု | ၂၇၅၀ | ၂၀၀၂ | ၇၄၈ | ၄၄၈ | ၃၀၀ | |
| ၄၁ | လည်ပေါက်ကျေးရွာအုပ်စု | ၁၇၅၀ | ၁၃၈၃ | ၃၆၇ | ၃၆၇ | | |
| ၄၂ | လာဘိုကျေးရွာအုပ်စု | ၂၂၀၀ | ၁၅၆၆ | ၆၃၄ | ၆၃၄ | | |
| ၄၃ | လက္ကပြားကျေးရွာအုပ်စု | ၂၃၀၀ | ၁၅၂၀ | ၇၈၀ | ၄၂၉ | ၃၅၁ | |
| ၄၄ | ဝါးရုံကျေးရွာအုပ်စု | ၁၈၀၀ | ၁၁၅၄ | ၆၄၆ | ၆၉၆ | | ၅၀ |
| ၄၅ | သမင်သတ်ကျေးရွာအုပ်စု | ၂၄၅၀ | ၁၆၇၃ | ၇၇၇ | ၇၅၀ | ၂၇ | |
| ၄၆ | အင်းကျေးရွာအုပ်စု | ၃၅၀၀ | ၂၄၃၀ | ၁၀၇၀ | ၉၈၀ | ၉၀ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၁၃၃၃၉၉ | ၉၅၈၂၇ | ၃၇၅၇၂ | ၃၅၃၀၆ | ၃၅၄၇ | ၁၂၈၁ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၆၄ | ၆၅၂ | ၁၁၂ | ၁၁၂ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၃၉၅ | | ၄၃၉၅ | ၄၃၉၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၈၅၅၈ | ၉၆၄၇၉ | ၄၂၀၇၉ | ၃၉၈၁၃ | ၃၅၄၇ | ၁၂၈၁ |

စာမျက်နှာ ၁၉ သို့ »»

»» စာမျက်နှာ ၁၈ မှ

## နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် ရပ်ကွက်/ ကျေးရွာအုပ်စု ၈၀ ခု၊ မဲရုံပေါင်း ၂၈၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၀၅၉၆၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၈၃၃၇၊ ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်မှာ ၆၇၆၃၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၃၉၅၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်လိုအပ်ချက် စိစစ်တွေ့ရှိမှုမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၀၅၉၆၉ | ၁၃၈၃၃၇ | ၆၇၆၃၂ | ၆၃၉၅၃ | ၃၆၇၉ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၈၈၀ | ၁၃၂၇ | ၅၅၃ | ၅၅၃ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၅၅၈၁ | | ၁၅၅၈၁ | ၁၅၂၉၇ | ၂၈၄ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၂၃၄၃၀ | ၁၃၉၆၆၄ | ၈၃၇၆၆ | ၇၉၈၀၃ | ၃၉၆၃ | |

၉။ နတ်မောက်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၈၀ ခုရှိ မဲရုံပေါင်း ၂၈၁ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၃၆၇၉ ပျောက်ဆုံးနေပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လက်ကျန်ဆန္ဒမဲလက်မှတ် ၁၅၅၈၁ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၅၂၉၇ ဖြစ်သဖြင့် ၂၈၄ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဈေးကွက်သစ်ရပ်ကွက် | ၂ | ၂၄၀၀ | ၁၈၃၂ | ၅၆၈ | ၅၅၈ | ၁၀ | |
| ၂ | ရန်အောင်မြင်ရပ်ကွက် | ၂ | ၁၆၅၀ | ၁၃၁၉ | ၃၃၁ | ၃၃၁ | | |
| ၃ | ကံကြီးရပ်ကွက် | ၂ | ၁၃၀၀ | ၉၁၀ | ၃၉၀ | ၃၉၀ | | |
| ၄ | တမာပင်ရပ်ကွက် | ၂ | ၁၇၅၀ | ၁၃၀၅ | ၄၄၅ | ၃၉၇ | ၄၈ | |
| ၅ | တောင်ထောင့်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၂၀၃၀ | ၅၂၀ | ၅၂၀ | | |
| ၆ | ရွာမွန်ကျေးရွာအုပ်စု | ၅ | ၃၄၅၀ | ၂၆၅၃ | ၇၉၇ | ၇၉၇ | | |
| ၇ | ရွှေပန်းတောကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၃၄၀ | ၁၀၁၀ | ၉၁၀ | ၁၀၀ | |
| ၈ | ဒန့်ဒလွန်ပင်ကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၀၀၄ | ၁၅၄၆ | ၁၄၄၆ | ၁၀၀ | |
| ၉ | ဖက်သန်းတောင်ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၄၈၆ | ၁၁၁၄ | ၁၁၁၄ | | |
| ၁၀ | ပ-ငွေးချိကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၈၉၄ | ၆၀၆ | ၆၀၆ | | |
| ၁၁ | အိုင်ပေါက်ကုန်းကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၀၅ | ၅၄၅ | ၅၄၅ | | |
| ၁၂ | တောင်ဘက်ကြီးကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၄၆ | ၄၅၄ | ၄၅၄ | | |
| ၁၃ | မိုးနံ့တောကျေးရွာအုပ်စု | ၄ | ၁၃၀၀ | ၆၂၁ | ၆၇၉ | ၆၇၉ | | |
| ၁၄ | အင်းကန်ကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၁၄၄၂ | ၁၃၀၈ | ၁၃၀၈ | | |
| ၁၅ | မကျီးချိကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၂၀၅ | ၉၄၅ | ၉၀၅ | ၄၀ | |
| ၁၆ | ဆင်သေကန်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၇၄၁ | ၆၀၉ | ၆၀၉ | | |
| ၁၇ | ရှမ်းကုန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၇၆ | ၃၂၄ | ၃၂၄ | | |
| ၁၈ | ငွေးကုန်းကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၁၅၃၇ | ၇၆၃ | ၇၆၃ | | |
| ၁၉ | သားမျှားကျေးရွာအုပ်စု | ၆ | ၄၂၀၀ | ၂၅၆၇ | ၁၆၃၃ | ၁၄၃၃ | ၂၀၀ | |
| ၂၀ | ညောင်ကျပွင်ကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၆၄၃ | ၅၀၇ | ၅၀၇ | | |
| ၂၁ | လင်းကတိုးကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၁၉ | ၆၃၁ | ၆၃၁ | | |
| ၂၂ | ရေထွက်ကျေးရွာအုပ်စု | ၅ | ၁၉၅၀ | ၁၂၅၁ | ၆၉၉ | ၆၉၉ | | |
| ၂၃ | တဲကြီးကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၃၀ | ၂၂၀ | ၂၂၀ | | |
| ၂၄ | ဝါးရုံကုန်းကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၇၁၄ | ၄၃၆ | ၄၃၆ | | |
| ၂၅ | ချောင်းနက်ကျေးရွာအုပ်စု | ၅ | ၂၁၅၀ | ၁၄၃၆ | ၇၁၄ | ၆၇၂ | ၄၂ | |
| ၂၆ | ဝက်ချုပ်ကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၂၂၃ | ၅၇၇ | ၅၇၆ | ၁ | |
| ၂၇ | ဖန်းခါးစမ်းကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၉၅ | ၅၅၅ | ၅၅၅ | | |
| ၂၈ | ကျောက်ပုံကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၅၃ | ၄၄၇ | ၄၄၇ | | |
| ၂၉ | လေးအိမ်ကျေးရွာအုပ်စု | ၅ | ၂၄၅၀ | ၁၅၈၈ | ၈၆၂ | ၈၆၂ | | |
| ၃၀ | ဈေးသာကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၇၆ | ၂၇၄ | ၂၇၄ | | |
| ၃၁ | အိုင်ဇောက်ကျေးရွာအုပ်စု | ၄ | ၃၀၅၀ | ၁၈၅၈ | ၁၁၉၂ | ၁၁၅၂ | ၄၀ | |
| ၃၂ | တွင်းကြီးကျေးရွာအုပ်စု | ၄ | ၃၇၀၀ | ၂၂၆၀ | ၁၄၄၀ | ၁၄၄၀ | | |
| ၃၃ | မယ်ဇလီပင်ကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၆၃၁ | ၇၆၉ | ၇၆၉ | | |
| ၃၄ | သမုန်းပင်ကျေးရွာအုပ်စု | ၅ | ၂၃၀၀ | ၁၈၉၄ | ၄၀၆ | ၄၀၆ | | |
| ၃၅ | ဆုံမကျီးပင်ကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၆၁၉ | ၇၈၁ | ၇၈၁ | | |
| ၃၆ | ထုံးပေါက်ချိုင်းကျေးရွာအုပ်စု | ၅ | ၃၂၅၀ | ၂၃၃၇ | ၉၁၃ | ၉၁၂ | ၁ | |
| ၃၇ | တက်ဝန်ကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၁၈၉၅ | ၁၀၀၅ | ၈၅၄ | ၁၅၁ | |
| ၃၈ | တမလန်းပင်ကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၂၀၅၄ | ၁၁၄၆ | ၁၁၄၆ | | |
| ၃၉ | တံခွန်တိုင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၆၆၁ | ၄၃၉ | ၃၈၉ | ၅၀ | |
| ၄၀ | ပတောက်ငုပ်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၀၆ | ၃၉၄ | ၃၅၁ | ၄၃ | |
| ၄၁ | စည်သာကျေးရွာအုပ်စု | ၅ | ၄၅၅၀ | ၃၀၁၅ | ၁၅၃၅ | ၁၁၈၉ | ၃၄၆ | |
| ၄၂ | အင်းကုန်းကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၃၉၇ | ၈၅၃ | ၈၅၃ | | |
| ၄၃ | စခန်းမကျေးရွာအုပ်စု | ၅ | ၂၅၅၀ | ၁၅၇၄ | ၉၇၆ | ၉၇၆ | | |
| ၄၄ | အလယ်ရွာကျေးရွာအုပ်စု | ၅ | ၂၅၅၀ | ၁၇၃၉ | ၈၁၁ | ၈၁၁ | | |
| ၄၅ | ဘန်းကုန်းကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၂၅၈ | ၅၉၂ | ၅၉၁ | ၁ | |
| ၄၆ | အောင်ဆန်းရပ်ကွက် | ၃ | ၂၆၅၀ | ၁၈၃၄ | ၈၁၆ | ၈၁၅ | ၁ | |
| ၄၇ | မြို့မကွက်သစ်ရပ်ကွက် | ၂ | ၁၅၀၀ | ၁၁၃၇ | ၃၆၃ | ၃၆၃ | | |
| ၄၈ | မြို့မရပ်ကွက် | ၂ | ၁၈၀၀ | ၁၃၅၁ | ၄၄၉ | ၄၀၀ | ၄၉ | |
| ၄၉ | ဘုန်းတော်ပြည့်ကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၀၃၁ | ၁၅၁၉ | ၁၅၁၉ | | |
| ၅၀ | န-ကျားထူးကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၄၇၈ | ၇၂၂ | ၇၂၂ | | |
| ၅၁ | န-လက်ခုပ်ပင်ကျေးရွာအုပ်စု | ၄ | ၃၁၀၀ | ၂၃၃၀ | ၇၇၀ | ၇၂၀ | ၅၀ | |
| ၅၂ | ငွေးပင်ကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၇၇၉ | ၇၂၁ | ၆၇၁ | ၅၀ | |
| ၅၃ | ကပေါင်းကုန်းကြီးကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၀၉ | ၄၉၁ | ၄၈၄ | ၇ | |
| ၅၄ | သမုန်းကုန်းကြီးကျေးရွာအုပ်စု | ၆ | ၆၃၀၀ | ၄၃၆၅ | ၁၉၃၅ | ၁၉၃၃ | ၂ | |
| ၅၅ | လဲဘူးကျေးရွာအုပ်စု | ၈ | ၆၄၅၀ | ၄၄၄၈ | ၂၀၀၂ | ၁၉၇၄ | ၂၈ | |
| ၅၆ | ကုလားရှင်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၆၀၃ | ၅၄၇ | ၅၄၇ | | |
| ၅၇ | ကွင်းကြီးကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၁၇၇၉ | ၉၇၁ | ၉၇၁ | | |
| ၅၈ | န-ငွေးချိကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၁၈၉၂ | ၁၀၀၈ | ၁၀၀၈ | | |
| ၅၉ | ကံသာကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၁၉၇ | ၆၀၃ | ၆၀၃ | | |
| ၆၀ | ငွေးတောက်ကုန်းကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၂၃၄၂ | ၈၀၈ | ၈၀၈ | | |
| ၆၁ | ကျောက်တန်းကျေးရွာအုပ်စု | ၆ | ၅၀၅၀ | ၃၅၁၁ | ၁၅၃၉ | ၁၅၃၉ | | |
| ၆၂ | ရွာတော်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၉၄ | ၃၀၆ | ၃၀၆ | | |
| ၆၃ | ဥယျာဉ်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၄၀၃ | ၆၉၇ | ၅၉၇ | ၁၀၀ | |
| ၆၄ | ဆည်လည်ကျေးရွာအုပ်စု | ၆ | ၃၇၀၀ | ၂၅၃၉ | ၁၁၆၁ | ၁၁၃၅ | ၂၆ | |
| ၆၅ | ပန်းညိုကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၆၇၉ | ၈၂၁ | ၆၇၁ | ၁၅၀ | |
| ၆၆ | လျှော်ချောင်းကြီးကျေးရွာအုပ်စု | ၅ | ၃၅၅၀ | ၂၄၅၇ | ၁၀၉၃ | ၁၀၉၃ | | |
| ၆၇ | သစ်လှကျင်းကျေးရွာအုပ်စု | ၄ | ၂၈၅၀ | ၁၉၀၁ | ၉၄၉ | ၉၄၉ | | |
| ၆၈ | ပေပင်ကုန်းကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၁၉၃၅ | ၉၆၅ | ၉၆၅ | | |
| ၆၉ | ရေငံကျေးရွာအုပ်စု | ၄ | ၃၃၀၀ | ၂၂၉၀ | ၁၀၁၀ | ၁၀၁၀ | | |
| ၇၀ | န-ဘူးကွဲကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၀၇၁ | ၄၂၉ | ၄၂၉ | | |
| ၇၁ | မြင်းတဲကြီးကျေးရွာအုပ်စု | ၇ | ၅၁၀၀ | ၃၈၂၇ | ၁၂၇၃ | ၁၂၇၃ | | |
| ၇၂ | ကျောင်းကုန်းကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၈၂၄ | ၇၇၆ | ၇၇၆ | | |
| ၇၃ | ကျောက်တံခါးကျေးရွာအုပ်စု | ၄ | ၁၆၀၀ | ၉၄၀ | ၆၆၀ | ၆၁၀ | ၅၀ | |
| ၇၄ | ပ-လက်ခုပ်ပင်ကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၂၇၅ | ၇၇၅ | ၇၇၅ | | |
| ၇၅ | ကျွန်းချောင်းကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၄၈၄ | ၇၁၆ | ၇၁၆ | | |
| ၇၆ | ဆုံကုန်းကြီးကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၂၀၂၃ | ၁၃၂၇ | ၁၃၂၇ | | |
| ၇၇ | သရက်ချဉ်ကျေးရွာအုပ်စု | ၄ | ၄၀၀၀ | ၂၀၄၇ | ၁၉၅၃ | ၆၀၅ | ၁၃၄၈ | |
| ၇၈ | ဝါပန်ကျေးရွာအုပ်စု | ၅ | ၃၉၅၀ | ၂၅၇၅ | ၁၃၇၅ | ၁၂၇၅ | ၁၀၀ | |
| ၇၉ | ထန်းပင်ကုန်းကြီးကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၀၉၂ | ၆၅၈ | ၂၈၂ | ၃၇၆ | |
| ၈၀ | ဆည်ကြီးကျေးရွာအုပ်စု | ၅ | ၄၁၁၉ | ၂၃၅၆ | ၁၇၆၃ | ၁၅၉၄ | ၁၆၉ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၈၁ | ၂၀၅၉၆၉ | ၁၃၈၃၃၇ | ၆၇၆၃၂ | ၆၃၉၅၃ | ၃၆၇၉ | |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၈၈၀ | ၁၃၂၇ | ၅၅၃ | ၅၅၃ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၅၅၈၁ | | ၁၅၅၈၁ | ၁၅၂၉၇ | ၂၈၄ | |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၂၂၃၄၃၀ | ၁၃၉၆၆၄ | ၈၃၇၆၆ | ၇၉၈၀၃ | ၃၉၆၃ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၆
ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမဏိရတနာ ကျောက်စိမ်းခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ကျင်းပသည်။

### ၃၂၆ တွဲ ရောင်းချနိုင်ခဲ့

ယနေ့နံနက် ၈ နာရီတွင် ရောင်းချပွဲ ပဥ္စမနေ့က အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့သည့် ကျောက်စိမ်း အတွဲအမှတ်(၁)မှ အတွဲအမှတ် (၄၅၀) အထိ အတွဲပေါင်း (၄၅၀) တွင် ကျောက်စိမ်းအတွဲ ၃၂၆ တွဲကို မြန်မာငွေကျပ် ၃၉,၂၆၉၇၃၁၁ ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။

ယခုရောင်းချပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲအမှတ်(၄၅၁) မှ အတွဲအမှတ် (၉၀၀) အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ရတနာကုန်သည်များက မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ နံနက် ၁၁ နာရီ နောက်ဆုံးထား၍




ထည့်သွင်းကြသည်။

ထို့နောက် ကျောက်စိမ်းအတွဲအမှတ်(၄၅၁)မှ အတွဲအမှတ်(၉၀၀)အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၇ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

### ကြေညာသွားမည်

အလားတူ မေ ၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၉၀၁)မှ အတွဲအမှတ်(၁၃၅၀)အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၈ ရက် နံနက် ၈ နာရီတွင်လည်းကောင်း၊ မေ ၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၁၃၅၁)မှ အတွဲအမှတ်(၁၈၀၀)အထိ တင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၉ ရက် နံနက် ၈ နာရီတွင်လည်းကောင်း၊ မေ ၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၁၈၀၁) မှ အတွဲအမှတ်(၂၁၄၈)အထိ တင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ မေ ၁၀ ရက် နံနက် ၈ နာရီတွင်လည်းကောင်း ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်ပန်းတောင်းမြို့၌ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ခရီးသွားပြည်သူများ၊ ဈေးသည် ဈေးဝယ်များနှင့် စည်ကားသက်ဝင်လျက်ရှိ

ကျောက်ပန်းတောင်း မေ ၆
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်၌ ယခုရက်များအတွင်း သင်္ကြန်အခါရက် နီးလာသည်နှင့်အမျှ တည်ငြိမ်အေးချမ်းမှုနှင့် အတူ မြို့မ စည်ပင်သာယာဈေးကြီး၊ ပျံကျဈေး၊ တမ္ပဝတီဈေးနှင့် အဝေးပြေးကားဂိတ်များ တည်ရှိရာ မြို့လယ်နေရာများတွင် ခရီးသွားပြည်သူများ၊ ဈေးသည် ဈေးဝယ်များနှင့် ပြန်လည်စည်ကားသက်ဝင်လျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်၌ တပ်မတော်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသဖြင့် မြို့နယ်တစ်ခုလုံးတွင် တည်ငြိမ်အေးချမ်းလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ထို့ကဲ့သို့ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ မကွေးတိုင်းဒေသကြီးမှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် အခြားပြည်နယ်များသို့ ကူးသန်းသွားလာသည့် မော်တော်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲလျက်ရှိသည်။



ခရီးသွားပြည်သူများ၊ ဈေးသည် ဈေးဝယ်များနှင့် နေရာတိုင်းလိုလိုတွင် စည်ကားများပြားလျက်ရှိပြီး မြို့မ စည်ပင်သာယာဈေးကြီး၊ ပျံကျဈေး၊ တမ္ပဝတီဈေးနှင့်အခြား ကုန်စည် ကူးသန်းရောင်းဝယ်ရာ နေရာများတွင်လည်း လုပ်ငန်းများ ပုံမှန် ရောင်းဝယ်ဖောက်ကား လျက်ရှိနေပြီဖြစ်သည်။ သင်္ကြန် အခါ ရက်နီးလာသည်နှင့်အမျှ အနယ်နယ်အရပ်ရပ်မှ ဈေးဝယ် ဈေးသည်များနှင့် ပြန်လည် သက်ဝင်လှုပ်ရှား စည်ကားလျက် ရှိနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂၄ ဒသမ ၃၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၁၁ ဒသမ ၁၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၃၅ ဒသမ ၅၃ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၈၀ ဒသမ ၉၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၉ ဒသမ ၆၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၈၀ ဒသမ ၆၂ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၆၁၇ ဒသမ ၁၅ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၄၆ ဒသမ ၀၉ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၇၈ ဒသမ ၅၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၈၀ ဒသမ ၆၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၆၀ ဒသမ ၂၃ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၂၁ ဒသမ ၉၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၆၇ ဒသမ ၆၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၈၈၉ ဒသမ ၅၇ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇန်နဝါရီလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၅၄၉ ဒသမ ၈၀ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၂၉ ဒသမ ၃၄ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

သတင်းစဉ်

# ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ...

☆ ကျောဖုံးမှ

"ကျွန်တော်တို့ ကုန်ခြောက်ပွဲရုံလုပ်ငန်းတွေဟာ တနင်္ဂနွေနေ့နဲ့ အခါကြီးရက်ကြီးတွေကလွဲပြီး နေ့စဉ်ပုံမှန် ဖွင့်လှစ်ပေးပါတယ်။ ကုန်ဈေးနှုန်းကတော့ ရာသီဥတုကောင်းမွန်ခြင်းနဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နေရင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါတယ်။ မြစ်ဝကျွန်းပေါ်ရှိ ကုန်စည်တွေဟာ ကုန်းလမ်းဆက်သွယ်မှု အဆင်မပြေရင်တောင် ရေလမ်းကြောင်းမှ စီးဆင်းလျက်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဘုရင့်နောင်ပွဲရုံများတွင် နေ့စဉ် ဆန်မျိုးစုံ အိတ်ရေ၃၇၅၀၊ ဆီမျိုးစုံပိဿာ၁၀၂၈၅၀၊ ကြက်သွန်နီ ပိဿာ ၄၈၀၀၀၊ ကြက်သွန်ဖြူ ပိဿာ ၂၄၀၀၀၊ အာလူး ပိဿာ ၇၀၀၀ နှင့် ရော်မျိုးစုံ ပိဿာ ၄၁၄၀၀ တို့သည် ဘုရင့်နောင်ပွဲရုံသို့ နေ့စဉ်ကုန်စည်များ စီးဆင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုန်စည်များသည် မြန်မာနိုင်ငံအရပ်ရပ်မှဝင်ရောက်လာသောကုန်စည်များဖြစ်ပြီး မြို့တွင်းဈေးများသို့ နေ့စဉ်လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ စောလှိုင်ဝင်း

# မြို့နယ်များတွင် မိုးမကျမီ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ရန်ကုန် မေ ၆
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများက ရန်ကုန်တိုင်းဒေသကြီးမြို့နယ်များတွင် ယမန်နေ့နံနက်ပိုင်းက မိုးမကျမီ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် မြောက်မြင်းပြိုင်ကွင်းလမ်းထောင့်ရှိရေမြောင်းအားလည်းကောင်း၊ ကြားတောရလမ်း၊ ဦးအရိယကျောင်းဝင်း ရေမြောင်းအားလည်းကောင်း မိုးမကျမီ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်ရေစီးရေလာတာဝန်ခံများနှင့် လုပ်သားများက မြောင်းချေးများဆယ်ယူခြင်း၊ မြေသယ်ယာဉ်များဖြင့် သယ်ယူစွန့်ပစ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် ဧပြီ ၆

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၂၁၀၂၄ ဦး၊ အတွင်းလူနာ ၄၄၁၆ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၅၆၄၉ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၉၅၃ ဦး၊ စုစုပေါင်း ၈၆၀၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၀၀၂ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၆၀၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၇၆၀၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကိုဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စုပေါင်းသွေးလှူဒါန်း**

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသနေသော ဒေသခံပြည်သူများ သွေးလိုအပ်မှုမရှိစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ရွှေမန်းတံခွန်ပရဟိတလူမှုကူညီရေးအသင်းမှ စေတနာရှင်သွေးလှူရှင် စုစုပေါင်း ၅၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။ အဆိုပါသွေးလှူဒါန်းနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကာ သွေးလှူရှင်များကို စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



**အားပေးစကားပြောကြား**

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများကို ဆေးကုသပေးထားမှုများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာရှိ ရွာသူ ရွာသားများကို ပတ်ဝန်းကျင်ကျေးရွာများမှ NLD ပါတီဝင် ဆူပူအကြမ်းဖက်သူများက ဝိုင်းဝန်းတိုက်ခိုက်

နေပြည်တော် ဧပြီ ၆

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်းရှိ မုတ္တာကျေးရွာ၊ သံပေါက်ကျေးရွာ၊ လောင်းပြည့်ကျေးရွာ၊ အိုးဘိုကျေးရွာ၊ ဘိုင်ကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာ၊ ကျောက်ခဲတက်ကျေးရွာ၊ တုံကျေးရွာ၊ ပိတ်ချင်းတောကျေးရွာနှင့် ကုန်းရင်ကျေးရွာများမှ NLD ပါတီဝင် ဆူပူအကြမ်းဖက်သူ ၇၀၀ ခန့်သည် ဧပြီ ၅ ရက် နံနက် ၁၀ နာရီခန့်တွင် ပန်းဆက်ကျေးရွာရှိ ရွာသူ ရွာသားများကို ခတ်ဆီပုလင်းများပစ်ပေါက်ခြင်း၊ တူမီးသေနတ်၊ တုတ်၊ ဓား၊ လေးခွများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လာရောက်ဆောင်ရွက်ခဲ့သဖြင့် ကျေးရွာရှိ နေအိမ်နှစ်လုံးမီးလောင်ပျက်စီးခဲ့ပြီး ရွာသားတစ်ဦး တူမီးသေနတ်ထိမှန်သေဆုံးခဲ့ကာ လေးဦးတို့တွင် တူမီးသေနတ်ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ပေးပြီး စိုးရိမ်ရဒဏ်ရာရရှိသူ တစ်ဦးကို ကနီမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် ဧပြီ ၆

ကရင်ပြည်နယ် ဘားအံမြို့နယ်၊ တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ် မောတောင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်နှင့် ကျိုက်လတ်မြို့နယ်များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်းသတင်းအရ ဧပြီ ၅ ရက်နှင့် ယနေ့တို့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၂၉ လက်နှင့် လက်လုပ်သေနတ် ၁၈ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက် အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❐



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်(၁) ဦးထွန်းညိုလမ်းရှိ Winco BAG အိတ်ချုပ်စက်ရုံအား မီးရှို့ခဲ့သည့်ဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

နေပြည်တော် မေ ၆


ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ဇော်လွင်နှင့် ဇော်လင်းတို့သည် မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် စက်မှုဇုန်(၁) ဦးထွန်းညိုလမ်းရှိ Winco BAG အိတ်ချုပ်စက်ရုံအား မီးရှို့ခဲ့ခြင်းဖြင့် မီးဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၄၃၆ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ကို မေ ၅ ရက်တွင် အသီးသီးအမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါပြစ်ဒဏ်ချမှတ်ခံရသူ နှစ်ဦးအနက် ဇော်လင်းသည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

**အရေးယူဆောင်ရွက်သွားမည်**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပ မြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေး အမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များ အတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



လှိုင်သာယာ စက်မှုဇုန် (၁) မီးလောင်သည့် ဖြစ်စဉ်၌ ဖမ်းဆီးရမိသူ ဇော်လွင်။

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၆

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့်ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် လားရှိုးမြို့ အရှေ့ခါးရိုးလမ်း နယ်မြေ(၈) ရက်ကွက်(၉)နေ ကျော်မော်အောင် (ခ)အောင်အောင် (ဘ)ဦးသိန်းထွန်းအောင်နှင့် စိုးမင်းဦးတို့ နှစ်ဦးကို လက်လုပ်သေနတ် တစ်လက်၊ ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း။

မေ ၅ ရက်တွင် တာမွေမြို့နယ် ပုသိမ်ညွန့် ရပ်ကွက် စမ္မစန္ဒာလမ်း အမှတ်(၃၈) ခုနစ်လွှာ အခန်း(ဘီ)၌ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ် အသံဗုံး တစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ လှည်းကူးမြို့နယ် အောင်မင်္ဂလာ ရပ်ကွက် (၆)လမ်းနေ မစန်းစန်းထွေး (ခ)ထွေးလေး (ဘ)ဦးအောင်မျှင်၏ နေအိမ်၌ ၎င်းကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့် လည်းကောင်း၊ မှော်ဘီမြို့နယ် လှပဒါးကျေးရွာရှိ သက်လွင်၏ နေအိမ်၌ ၎င်းကို WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၊ လေဖိအားသုံးပစ္စတို တစ်လက်၊ ဂျင်ကလိ ၁၂ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့် တွေ့ရှိသဖြင့် ဆက်လက်ရှာဖွေရာ အဆိုပါခြံဝင်း အနီး၌ မသင်္ကာဖွယ်ရာ အငှားယာဉ်တစ်စီး တွေ့ရှိသဖြင့် စစ်ဆေးရာ မျိုးမင်းလတ်(ဘ) ဦးအောင်၊ ဇော်ထိုက် (ဘ)ဦးအောင်သိန်း၊ မမေသဇင် (ခ) မဗိုက်(ဘ)ဦးမောင်ရှိန်၊ မသန္တာလင်း(ဘ) ဦးထိန်လင်းနှင့် မမျိုးသီရိကျော် (ဘ) ဦးထိန်လင်းတို့ ငါးဦးကို လည်းကောင်း၊ မုံရွာမြို့ နန္ဒဝန်ရပ်ကွက် စည်သူလမ်းရှိ ကျော်မျိုးခိုင်(ဘ) ဦးစိုးတင့်ကို ၎င်း၏ နေအိမ်၌ ပစ္စတိုတစ်လက်၊ ၎င်းကျည် ၅၂ တောင့်ဖြင့်



သူရိန်အောင်၊ ကျော်ဇင်ဦး၊ ဘုန်းခန့်ထွန်းနှင့် နိုင်မင်းထက်တို့ လေးဦးကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

လည်းကောင်း၊ ထန်းတောရပ်ကွက်ရှိ မျိုးသီဟ လက်ဖက်ရည်ဆိုင်အတွင်းမှ မက်ဂနတ်သေနတ် နှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ပင်လည်ဘူးမြို့ မိုးကောင်းရပ်ကွက် ဇော်ဘွားဘုရား တောင်ကုန်းပေါ်၌ တူမီးသေနတ် တစ်လက်၊ လက်လုပ်မိုင်း ရှစ်လုံး၊ မီးပုလင်း ၁၅ လုံး၊ အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ပခုက္ကူမြို့ အမှတ်(၁၃)ရပ်ကွက် ပြည်တော်သာလမ်းရှိ ရတနာဆိုင်ကယ်ပြင်ဆိုင်အတွင်းမှ ဆိုင်ရှင်ဖြစ်သူ ထွန်းလှိုင်ကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးစိန်ထွန်း(ဘ) ဦးစွန်၏နေအိမ်၌ လက်လုပ်သေနတ် နှစ်လက်၊ ဂျင်ကလိ ရှစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ အင်းပတ်ကျေးရွာရှိ SEVEN STAR စားသောက်ဆိုင်၌ ဝင်ရောက်လုပ်ကိုင်နေသူ မိုးဆန်းဦး(ဘ)ဦးမြင့်ဌေးကို မီးပုလင်း ၁၀ လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

**ဖမ်းဆီးထိန်းသိမ်း**

အလားတူ ယနေ့တွင် သဃ်ံန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် သံသုမာလမ်းထောင့်၌ မော်တော်ယာဉ်အမှတ်၊ YGN/ 9D-6146၊ TOYOTA အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အောင်ကျော်သက်(ခ) ရောကျော်(ဘ) ဦးကြည်မောင်၊ ဦးထိန်လင်း(ဘ)ဦးထော်ကြီးနှင့် ဦးထွန်းဝင်းအောင်(ခ) စောကရင်(ဘ) ဦးလှိုင်ထွန်းတို့ကို WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၇ ပြား၊ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပဏ္ဍာမြားလမ်း အမှတ်(၂၀၉/ဘီ)ရှိ မြို့နယ် NLD ပါတီအလုပ်အမှုဆောင် ဦးသန့်ဇင်၏ နေအိမ်အတွင်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွဖြင့် ပစ်ခတ်ရန်ပြုတိုက်ခိုက်လာသဖြင့် ဝင်ရောက်စစ်ဆေးရာ သူရိန်အောင်(ဘ)ဦးတင်ရွှေ၊ ကျော်ဇင်ဦး (ဘ) ဦးဘလွင်၊ ဘုန်းခန့်ထွန်း(ဘ)ဦးထွန်းထွဋ်ဌေးနှင့် နိုင်မင်းထက်(ဘ) ဦးအောင်နိုင်ဦးတို့ လေးဦးကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများ၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း။ မဟာအောင်မြေမြို့နယ် စံပြရပ် သံလျက်မှော်အနောက် ရပ်ကွက်ရှိ အဆောင်အတွင်းမှ ရန်နိုင်အောင်(ဘ) ဦးဟန်ဝင်း၊ ဟိန်းထက်ဇော်(ဘ) ဦးစိုးနိုင်၊ ဟိန်းထက်အောင်နှင့် ဇင်ကိုကိုအောင်တို့ကို သုံးလက်မကော်ပိုက်များဖြင့် ပြုလုပ်ထားသည့် အရှည် လေးပေခွဲရှိ လက်လုပ်ဗုံးပစ်လက်နက် သုံးလက်၊ လက်လုပ်သေနတ် ငါးလက်၊ လက်လုပ်မိုင်း ၇၀၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပုံမှန်ဆောင်ရွက်ရန်၊

(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ် တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊

(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်း မပြုရန်၊

(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(၈) တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



## ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်အားကောင်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**မြစ်ကြီးနား ဧပြီ ၆**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၃ ရက် နံနက်ပိုင်းက မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ဆမားခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များ၊ ရပ်/ကျေးတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးပြောင်းလဲမှုအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်ကိုးရပ်၊ ရှေ့လုပ်ငန်းစဉ်ငါးရပ်ချမှတ်၍ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဝိုင်းမော်မြို့သည် ဖွံ့ဖြိုးတိုးတက်ရန် အရှိန်ယူနေသည့် မြို့နယ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်အားကောင်းလာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များက ဝိုင်းမော်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့အင်္ဂါရပ်နှင့်အညီ မြို့တော်ခန်းမရရှိရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရေး၊ အမှတ်(၂)ဈေးတည်ဆောက်ပြီးစီးမှုကို ဆိုင်ခန်းများ စိစစ်ရောင်းချပေးနိုင်ရေး၊ တောင်သူများအတွက် စိုက်စရိတ်ချေးငွေရရှိရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) များ ထုတ်ပေးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ကုန်ထုတ်လမ်းများဖောက်လုပ်ပေးရေး၊ ရပ်ကွက်ချင်းဆက်လမ်းနှင့် တံတားများ တည်ဆောက်ပေးရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းဆုံမီးပွိုင့်များ ထပ်တိုးတပ်ဆင်ပေးနိုင်ရေး၊ မြို့နယ်ဘောလုံးကွင်း ပွဲကြည့်စင်ဆောက်လုပ်ပေးရေး၊ ရွှေညောင်ပင်ကျေးရွာ အခြေခံပညာကျောင်းအတွက် ဆရာဆရာမ ဝန်ထမ်းအိမ်ရာရရှိရေးတို့ကို တင်ပြကြသည်။

တင်ပြမှုများအပေါ် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြရာ ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့ ပြည်သူ့ဆေးရုံကြီးအတွင်း ဆေးဝါးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီးအားပေးခဲ့ကြကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြပြီး ဆေးရုံကြီး ဆေးပဒေသာပင်အတွက် မတည်ငွေကျပ်သိန်း ၅၀ နှင့် ဆေးရုံအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်၊ သူနာပြု ၅၀ တို့အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်စုစုပေါင်းငွေကျပ် ၁၅ သိန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ခံဆရာဝန်တို့ထံ ထောက်ပံ့ ပေးအပ်ခဲ့ကြသည်။

ထို့မှတစ်ဆင့် ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စု တန်ဘောင်ကျေးရွာတွင် ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ အများပိုင်ကုမ္ပဏီ၏ KSP Logistic ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မော်တော်ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်း ၈၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ဟင်းသီးဟင်းရွက်နှင့် သားငါးကဏ္ဍများဖွံ့ဖြိုးရေး ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်တွင် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဧပြီ ၆**

မှော်ဘီမြို့နယ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်စီမံခန့်ခွဲရေးကော်မတီများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဧပြီ ၄ ရက် မွန်းလွဲပိုင်းက အထူးဇုန် (၂) စီမံခန့်ခွဲရေးကော်မတီရုံးတွင် ဟင်းသီးဟင်းရွက်နှင့် သားငါးကဏ္ဍများဖွံ့ဖြိုးရေး တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးအထူးဇုန် ၁၊ ၂၊ ၃ တို့မှ ဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက ဇုန်များအတွင်း သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ကိုင်ခြင်းမရှိသော လုပ်ကွက်စာရင်းများ၊ လွှဲပြောင်းရောင်းချသည့်မြေကွက်များ အမည်ပြောင်းလဲရာတွင် ကြန့်ကြာနေသည့်ကိစ္စများ၊ ဇုန်များအတွင်း ကွန်ကရစ်လမ်းခင်းရန်ကျန်ရှိမှုများ၊ အမ်ဆဲဝင်းလမ်းရှိ တံတားကျိုးနေ၍ ပြုပြင်ပေးရန်၊ လျှပ်စစ်မီးသွယ်တန်းရန် မီးကြိုးလိုအပ်ချက်များ၊ ကျူးကျော်များဝင်ရောက်နေထိုင်မှုများ၊ လုံခြုံရေးတိုးမြှင့်ပေးရန်၊ သုသာန်မြေသတ်မှတ်ပေးရန်၊ ဇုန်များတွင် ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်အချို့ ပြောင်းလဲမှုရှိပါ၍ ပြင်ဆင်ဖွဲ့စည်းပေးရန်နှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို တင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့်ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးပြီး စိုက်ပျိုးမွေးမြူရေးအလုပ်အကိုင်များမှဝင်ငွေရရှိပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များကိုရှင်းလင်းပြောကြားသည်။

ရန်ကုန်မြို့တော်အတွက် လိုအပ်သော ဟင်းသီးဟင်းရွက်နှင့် သားငါးများအား ဖြည့်ဆည်းပေးရန်နှင့် ပိုလျှံပါက ပြည်ပသို့တင်ပို့ရောင်းချရန် ရည်ရွယ် ၍ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်အား မှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်အတွင်း မြေဧက ၁၀၀၀၀ ကျော်အသုံးပြု၍ ၁၉၉၉ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက် )**



## ချင်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဟားခါး ဧပြီ ၆**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဧပြီ ၅ ရက် မွန်းလွဲ ၂ နာရီက ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတိုးဝင်း၏ ဦးဆောင်မှုဖြင့် အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၀၀ ခန့်က ရုံးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိတ္ထီလာမြို့ အကျဉ်းဦးစီးဌာနတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြ

**မိတ္ထီလာ ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြသခြင်းကို ဧပြီ ၄ ရက် နံနက်က မိတ္ထီလာမြို့ အကျဉ်းဦးစီးဌာနတွင် ဆောင်ရွက်ခဲ့ကြသည်။

မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီတွင် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရန် ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များက အကျဉ်းဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏မိသားစုဝင်များအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ပြီး မီးလန့်မှုများဖြစ်ပေါ်လာပါက ကြိုတင်မီးငြိမ်းသတ်နိုင်စေရန် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းနှင့် အကျဉ်းဦးစီးဌာနအတွင်းရှိ အဆောက်အအုံများအား မီးသတ်ယာဉ်ဖြင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခြင်းကို ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာနမှ တပ်ဖွဲ့ဝင် ၆၀ နှင့် ၎င်းတို့၏မိသားစုဝင် ၃၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မြောက်ဦးတွင် အသိပညာပေး

**မြောက်ဦး ဧပြီ ၆**

ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးနိုင်စေရန်ရည်ရွယ်၍ မီးဘေးဆိုင်ရာညွှန်ကြားချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ခြင်းကို ဧပြီ ၄ ရက် ညနေ ၄ နာရီက မြောက်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးနေဇင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များသို့ သွားရောက်၍ လှည့်လည်အသိပေး နှိုးဆော်ခဲ့ကြသည်။

ထိုသို့ မီးဘေးအန္တရာယ်အသိပေးနှိုးဆော်ရာတွင် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များဖြစ်သည့် နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ သဲအိတ်နှင့် မီးသတ်ဆေးဘူး စသည့်မီးဘေးကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိရေး၊ နေအိမ်များတွင် လောင်စာဆီများ သိုလှောင်ခြင်းမပြုရန်၊ အိမ်တွင် တပ်ဆင်ထားသော ဟောင်းနွမ်းလျှပ်စစ်ဝါယာကြိုးများနှင့် ပျက်စီးနေသောလျှပ်စစ်ပစ္စည်းများအား အသုံးမပြုကြရန်၊ မီးသွေးမီးဖိုဖြင့် ထမင်းဟင်းချက်ပြုတ်ပြီးပါက မီးကြွင်းမီးကျန်များအား စနစ်တကျမီးငြိမ်းသတ်ကြရန်နှင့် မီးလောင်မှုဖြစ်ပွားပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားကြရန် စသည်တို့ကို အသိပေးနှိုးဆော်ခဲ့ကြသည်။

အဆိုပါမီးဘေးအန္တရာယ် အသိပေးနှိုးဆော်ခြင်းကို အပတ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ခင်မောင်ထွန်း (ပြန်/ဆက်)**

# အခြေခံပညာ မူလတန်းအဆင့် Grade-4 သင်ရိုးသစ် မြို့နယ်အဆင့် မွမ်းမံသင်တန်းပို့ချ



**ကျောက်ဖြူ**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား စတုတ္ထတန်း (Grade-4) သင်ရိုးသစ် မြို့နယ်အဆင့် မွမ်းမံသင်တန်းကို ဧပြီ ၅ ရက် နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချခဲ့သည်။

ကျောက်ဖြူခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်ညွန့်ညွန့်အေးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးစောလွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းကို ဆက်လက်ပို့ချရာ သင်တန်းနည်းပြဆရာ ၃၀ တို့က ကျောက်ဖြူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၇၈၉ ဦးတို့အား မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ပန်းချီ၊ အနုပညာဂီတ၊ စာရိတ္တနှင့် ပြည်သူ့နီတိ စသည့်စတုတ္ထတန်း (Grade-4) သင်ရိုးသစ် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ ပို့ချပေးသည်။

အဆိုပါ Grade-4 သင်ရိုးသစ် မြို့နယ်အဆင့် မွမ်းမံသင်တန်းကို ဧပြီ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့ဝေလင်း**
**တင်ထွန်းဦး**

**တံတားဦး**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် စတုတ္ထတန်း (Grade-4) သင်ရိုးသစ် မြို့နယ်အဆင့် မွမ်းမံသင်တန်းကို ဧပြီ ၅ ရက်နံနက်၉နာရီမှစတင်ကာ တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပို့ချပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဦးကျော်ကျော်မွန်ထံမှ သိရသည်။

အဆိုပါ စတုတ္ထတန်း (Grade-4) သင်ရိုးသစ် မြို့နယ်အဆင့် မွမ်းမံသင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းပြ ဆရာ ဆရာမ ၅၇၃ ဦးရှိပြီး သင်တန်းတက်ရောက်သူ ဆရာ ဆရာမ ၃၃၂ ဦးကို နည်းပြ ၁၉ ဦးက ဘာသာရပ် ၁၀ မျိုးကို ပို့ချပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သင်တန်းပို့ချပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပို့ချပေးလျက်ရှိပြီး သင်တန်းကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၅ ရက်မှ ၇ ရက်ထိ သုံးရက်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲတင်**
**(တံတားဦး ပြန်/ဆက်)**

**ကျိုက်ထို**

အခြေခံပညာမူလတန်းအဆင့် Grade-4 (သင်ရိုးသစ်) မြို့နယ်အဆင့် မွမ်းမံဆွေးနွေးပွဲကို ဧပြီ ၅ ရက် နံနက် ၈ နာရီခွဲက ကျိုက်ထိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

ယင်းသို့ ဆွေးနွေးရာတွင် အုပ်စုအလိုက် တစ်နေ့လျှင် ဆရာ ဆရာမ ၂၀၀ ကျော်ကို အခန်းခြောက်ခန်းခွဲ၍ ဆရာ ဆရာမ ၇၄၆ ဦးအား ဧပြီ ၅ ရက်မှ ၇ ရက်ထိ နည်းပြ ၁၇ ဦးတို့က မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တ၊ ဘဝတွက်တာ၊ ကာယပညာ ဘာသာရပ်များကို သင်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်**
**(ကျိုက်ထို)**

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ ဆရာ ဆရာမများအား Grade-4 သင်တန်းပို့ချခြင်းကို ဧပြီ ၅ ရက် နံနက် ၉ နာရီက မြဝတီမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါသင်တန်းကို သင်တန်းဆရာ ဆရာမ နည်းပြ ၂၆ ဦးက Grade-4 သင်ရိုးညွှန်းတန်းများကို သင်တန်းပို့ချပေးခြင်းဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၅ ရက်မှ ၇ ရက်ထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ သင်တန်းဖွင့်လှစ် ပို့ချသွားမည်ဖြစ်သည်။

ထို့သို့သတန်းပို့ချရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းအသီးသီးမှ ဆရာ ဆရာများ၏ Grade-4 သင်တန်းပို့ခြင်းနှင့်ပတ်သက်၍ မြဝတီမြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကိုမှာ ကြားခဲ့ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့် (ပြန်/ဆက်)**

**စစ်ကိုင်း**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းပြ ဆရာ ဆရာမများအား Grade-4 သင်ကြားရေး မွမ်းမံသင်တန်းကို ဧပြီ ၅ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းမြို့နယ်အတွင်းရှိ Grade-4 သင်ကြားရေး ဆရာဆရာမ ၂၆၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်တာ သင်တန်းပို့ချ သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဇော်မြင့်နိုင်**
**(ခရိုင်ပြန်/ဆက်)**



## မယ်စဲ့မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေး



**မယ်စဲ့ ဧပြီ ၆**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၊ သံဃာတော်များအပါအဝင် ရွှေ့ပြောင်းလုပ်သားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးခြင်းကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီခွဲမှစတင်၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘောလခဲစစ်ဗျူဟာအခြေချမှ ဗိုလ်မှူးကြီးသူရဇော်လွင်စိုးဦးဆောင်၍ အမှတ် (၁၂) တပ်မတော်ဆေးရုံ ခုတင် ၂၅ မှ ဗိုလ်မှူး ဟန်စိုးတာနှင့် တပ်မတော်သားပါရဂူများ၊ သူနာပြုများသည် မယ်စဲ့မြို့နယ် ပြည်သူ့ဆေးရုံမှ ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ ဌာနဆိုင်ရာဝန်ထမ်း ၁၂၁ ဦး၊ သံဃာတော်ခြောက်ပါး၊ဒေသခံပြည်သူများနှင့် ရွှေ့ပြောင်းလုပ်သား ၈၂ ဦး စုစုပေါင်း ၂၀၉ ဦးအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးမထိုးမီ ရောဂါစမ်းသပ်ရာနေရာတွင် သွေးပေါင်ချိန်တိုင်းခြင်း၊ အဖျားတိုင်းခြင်း၊ ကိုဗစ်ရောဂါလက္ခဏာရှိမရှိစမ်းသပ်စစ်ဆေးပြီးမှ ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ရောဂါလက္ခဏာ စောင့်ကြည့်ရာနေရာတွင် ဆေးထိုးပြီး ထူးခြားမှုရှိမရှိကို မိနစ် ၃၀ ခန့် စောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ယင်းသို့ဆောင်ရွက်နေမှုကို ဘောလခဲခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုးထွန်းနှင့်အဖွဲ့တို့က ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဘားအံမြို့၌ ဒုတိယအကြိမ် ထိုးနှံပေး

**ဘားအံ ဧပြီ ၆**

ကရင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ကာကွယ်ဆေးရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်များ ရေးဆွဲ၍ ကာကွယ်ဆေးထိုးနှံပေးမည့်လူအုပ်စုများသတ်မှတ်ကာ ထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဘားအံမြို့တွင် ဧပြီ ၅ ရက် နံနက် ၈ နာရီမှစ၍ စုရပ်အသီးသီးတွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိသည်။

ဘားအံမြို့နယ်တွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး စုရပ်များအဖြစ် အမှတ်(၂)၊ (၃)၊ (၄) အခြေခံပညာအထက်တန်းကျောင်းများနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တို့တွင် လေးနေရာခွဲ၍ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများဦးဆောင်ပြီး ပညာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ဧပြီ ၅ ရက်မှ ၇ ရက်ထိ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးရာတွင် ပထမအကြိမ်ကဲ့သို့ပင် ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်း၊ သွေးတိုး၊ ဆီးချို၊ သွေးချိုတိုင်းတာပေးခြင်း အစရှိသည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဦးစွာဆောင်ရွက်ပေးကြပြီး ပုံမှန်အခြေအနေရှိမှသာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးခြင်းဖြစ်ကာ ကာကွယ်ဆေးထိုးနှံပြီး ဖြစ်ပွားတတ်သော နောက်ဆက်တွဲပြဿနာများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဖြစ်ပွားလာပါကလည်း အရေးပေါ်ကုသမှုပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရန် Medical Team များ ဖွဲ့စည်းထားရှိပြီး စနစ်တကျ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



ဘားအံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မတ် ၆ ရက်မှစတင်၍ ဆရာတော်၊ သံဃာတော်၊ ရဟန်း၊ သာမဏေ၊ သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ထိုးနှံပေးခဲ့ရာ ပထမအကြိမ်အနေဖြင့် စုစုပေါင်းလူဦးရေ ၈၁၀၉ ဦးအား ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ နှမ်းစပါးစတင်စိုက်ပျိုး

**ပွင့်ဖြူ ဧပြီ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသခံတောင်သူများ မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများအဆင်ပြေစွာ စိုက်ပျိုးနိုင်ရန်အတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေအား နှစ်စဉ် တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် စနစ်တကျ အချိန်မီ ဖြန့်ဝေပေးနေကြောင်း သိရသည်။ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းခဲ့သည့်အတွက် ဆည်ရေဝင်ရောက်မှုနည်းသဖြင့် ဒေသခံတောင်သူများ နွေသီးနှံ စိုက်ပျိုးရာ၌ အခက်အခဲမဖြစ်စေရေးအတွက် အလှည့်ကျစနစ်ဖြင့် ဆည်ရေဖြန့်ဝေပေးနေကြောင်း၊ ထိုသို့ ဆည်ရေဖြန့်ဝေပေးရာတွင် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသခံတောင်သူများကို နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၆ ရက်ကစတင်၍ ဆည်ရေများ ဖြန့်ဝေပေးခဲ့ပြီး တောင်မုန်းမြောင်းမကြီးဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသခံတောင်သူများကို ဧပြီ ၁ ရက်တွင် နွေနှမ်းနှင့် အခြားနွေသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံးအနေဖြင့် နွေစပါးစိုက်ဧက ၁၇၈၀၄ ဧကနှင့် နွေနှမ်း စိုက်ဧက ၃၁၆၆၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားသည့် နွေသီးနှံစိုက်ဧက ပြည့်မီရေးအတွက် မိမိတို့၏လယ်မြေများတွင် နွေစပါးများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ စိုက်ပျိုးသည့်စပါးမျိုးများမှာ ဧရာမင်း၊ မနောသုခ၊ ဆင်းသုခ၊ ပေါ်ဆန်းရင်စပါးမျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း ပွင့်ဖြူမြို့နယ် ရွှေဘိုကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

## ရော်ဘာအထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရရှိ

**ကော့ကရိတ် ဧပြီ ၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း ရော်ဘာခြံပိုင်ရှင်များနှင့် ရော်ဘာခြစ်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ယခုနှစ်တွင် ရာသီဥတုအခြေအနေကြောင့် ရော်ဘာအထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရရှိသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယမန်နှစ်က ဒေသပေါက်ဈေး နေလှန်းအလွတ်ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၅၅၀၊ နေလှန်းရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၄၀၀ သာရရှိပြီး ယခုနှစ်တွင် ဒေသပေါက်ဈေး နေလှန်းအလွတ်ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၈၃၀ နှင့် နေလှန်းရော်ဘာတစ်ပေါင်လျှင် ငွေကျပ်၆၀၀ရရှိသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း၊ ရော်ဘာခွဲဖတ်ခွက်ကျန်ကို ယမန်နှစ်အတိုင်း တစ်ပေါင်လျှင် ငွေကျပ် ၃၅၀ ရရှိကြောင်း ကော့ကရိတ်မြို့ တတန်ကူးကျေးရွာနေ ရော်ဘာခြံပိုင်ရှင်တစ်ဦးထံမှ သိရသည်။

ယခင် သုံးပတ်လောက်က ရော်ဘာခြံ ၁၀ ဧကခန့်တွင် ရော်ဘာအထွက်နှုန်း ပေါင် ၄၀ အထိထွက်ရှိပြီး ယခုအခါ အရွက်ကြွေခြင်း၊ အပွင့်ပွင့်ခြင်းများနှင့် ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုကြောင့် ရော်ဘာခြစ်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် သုံးရက်ခြစ် တစ်ရက်နားရသည့်အတွက် ရော်ဘာခြံ ၁၀ ဧကခန့်တွင် ရော်ဘာအထွက်နှုန်း ၂၅ ပေါင်သာထွက်ရှိကြောင်း၊ ထွက်ရှိလာသည့် ရော်ဘာပြားများကို တစ်လနီးပါးခန့် နေလှန်းထားရကြောင်း၊ မိုးရွာသွန်းခဲ့သည့်အတွက် ရော်ဘာပြားများနေလှန်းရာတွင် အခက်အခဲရှိကြောင်း ကော့ကရိတ်မြို့ တတန်ကူးကျေးရွာ နေရော်ဘာခြစ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ယမန်နှစ်က အနီးပတ်ဝန်းကျင်ကျေးရွာများမှ တစ်ရက်လျှင် ရော်ဘာပြားပေါင် ၂၀၀၀၀ ခန့် လာရောက်ရောင်းချသော်လည်း၊ ယခုအခါ အဆိုပါ အနီးပတ်ဝန်းကျင်ကျေးရွာများမှ တစ်ရက်လျှင် ရော်ဘာပြားပေါင် ၁၀၀၀၀ ခန့်သာဝယ်ယူရတော့ကြောင်း၊ အဆိုပါရော်ဘာများကို ကော့ကရိတ်မြို့မှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များထံသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း ကော့ကရိတ်မြို့ ရော်ဘာဒိုင်မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**စောအောင်မျိုးလွင်(ပြန်/ဆက်)**



## မိုင်းယောင်း၌ ဂျေတ်စိုက်တောင်သူများ ပုံမှန်ဝင်ငွေရရှိ

**မိုင်းယောင်း ဧပြီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းဒေသမှ ဂျေတ်စိုက်တောင်သူများသည် ဂျေတ်သီးများခူးဆွတ်ပြီးရောင်းချနေကြရာနေ့စဉ် ပုံမှန်ဝင်ငွေရရှိနေကြကြောင်း ဂျေတ်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့က တောင်သူတွေဆိုတော့ ဒေသထွက်ခြံထွက်သီးနှံကိုပဲ အားထားပြီး စိုက်ပျိုးရောင်းချကြပါတယ်။ သခွား၊ ဖရုံ၊ ခရမ်းချဉ်၊ ဖရဲ၊ သခွားမွှေးစတဲ့ ရာသီအလိုက် သီးနှံတွေအပြင် ဂျေတ်ကိုလည်းစိုက်ပျိုးကြပါတယ်။ အခုအချိန်ဆိုတော့ ဂျေတ်သီးလည်းမှည့်ကုန်ပါပြီ။ ဂျေတ်သီးပေါ်ဦးပေါ်ဖျားလိုတော့ ဈေးကောင်းမရပေမယ့် နေ့စဉ်တော့ ရောင်းချနေရပါတယ်" ဟု ဂျေပ်သီးရောင်းသည့် တောင်သူတစ်ဦးက ပြောကြားသည်။

မိုင်းယောင်းဒေသတွင် ဂျေတ်သီးစတင်ပေါ်ချိန်၌ ဂျေတ်သီးအနီကို တစ်ကီလိုလျှင် ကျပ်၅၀၀၀ အထိဈေးကောင်းရရှိခဲ့သော်လည်း ယခုအခါတွင် တစ်ကီလိုလျှင် ကျပ် ၂၀၀၀ ကျော်ခန့်သာ ရောင်းချနေကြရကြောင်း ဂျေတ်သီးသည်တစ်ဦးထံမှ သိရသည်။

**အားချော**

## ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါ့သရောက်မြို့တို့တွင် လျှော်ဖြူစိုက်ပျိုးသူများလာ

**ညောင်ဦး ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါ့သရောက်မြို့ရှိ ကျေးလက်တောင်သူများ လျှော်ဖြူပင်စိုက်ပျိုးမှုများလာကြောင်း ငါ့သရောက်မြို့ လျှော်ဖြူစိုက်ပျိုးသူ ဦးအောင်ဆန်းထံမှ သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်နှင့် ငါ့သရောက်မြို့ ကျေးလက်တောင်သူများ လျှော်ဖြူစိုက်ပျိုးမှုများလာပြီး မိုးကျချိန်တွင် လျှော်ဖြူပင်များ စိုက်ပျိုးကြကြောင်း သိရသည်။ လျှော်ဖြူပင်သည် အပင်ကြီးမျိုးဖြစ်ပြီး ဥပါသည့်အတွက် စိုက်ပြီးချိန် ရာသီဥတုဒဏ်ခံနိုင်ကြောင်း၊ အပင်ကြီးထွားချိန် အစေးထုတ်ရန် လျှော်ဖြူအစေးထုတ် ကျွမ်းကျင်သူခေါ်၍ လုပ်ကိုင်ပုံ သင်ယူရသည်။

မိုးရာသီတွင် မိုးရွာသွန်းမှုနည်းခြင်းကြောင့်တောင်သူများစိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများ ပျက်စီးမှုကြောင့် ကျေးလက်တောင်သူများ နှစ်ရှည်ပင် စိုက်ပျိုးမှုများလာခဲ့ကြောင်း သိရကာ လျှော်ဖြူစိုက်ပျိုးမှုများလာခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် လဲ့ဂွကျေးရွာမှ လျှော်ဖြူ သုံးဧကစိုက်ပျိုးထားသည့် ဦးတင်ထွန်းအောင်က ရှင်းပြသည်။

ငါ့သရောက်မြို့တွင် စိုက်ပျိုးရေးအတွက် မိုးရာသီတွင် မိုးရေကိုသာ မှီခိုအားထား စိုက်ပျိုးရခြင်းကြောင့် နှစ်ရှည်သီးနှံ စိုက်ပျိုးမှုများလာကြောင်းလည်း သိရသည်။

**ကိုထိန်(KPD)**



## ရေစကြိုမြို့နယ် စပ်မျိုးပြောင်း (CP) စိုက်တောင်သူများ ယမန်နှစ်ကထက် ဈေးကောင်းရ

**ရေစကြို ဧပြီ ၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စပ်မျိုးပြောင်းစိုက်ပျိုးတောင်သူများ ပေါ်ဦးပေါ်ဖျားစပ်မျိုးပြောင်းများရောင်းချရာ တစ်တင်းလျှင်ကျပ် ၉၂၀၀ ဖြင့် ရောင်းချနေရကြောင်း ရေစကြိုမြို့နယ် ဝလဝကျေးရွာ စပ်မျိုးပြောင်းစိုက်တောင်သူ ဦးဖိုးကျော်ထံမှ သိရသည်။

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဝလဝကျေးရွာ၊ ကွေ့တော်ကျေးရွာ၊ ကျော်ထင်ကုန်းကျေးရွာ၊ ဧယမကျေးရွာနှင့်ငါးမြာကြီး/လေးကျေးရွာတို့သည် စပ်မျိုးပြောင်း(CP) အမြောက်အမြားစိုက်ပျိုးကြရာ ယခုနှစ် စပ်မျိုးပြောင်းပေါ်ချိန် ယမန်နှစ်ကထက် တစ်တင်းလျှင်ကျပ် ၂၀၀၀ ပိုမိုရောင်းချခဲ့ရခြင်းကြောင့် တောင်သူများမျှော်လင့်နေသည့်ဈေး ရရှိကြောင်း သိရသည်။

စပ်မျိုးပြောင်းစိုက်ပျိုးခြင်းကို သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတို့တွင် မြေအောက်ရေသွင်းတန်းမြောင်းဖြင့် စိုက်ပျိုးရပြီး တစ်ပင်ချင်း အတန်းလိုက်စိုက်ပျိုးရကြောင်း၊ ရေသွင်းခြင်းကို ငါးရက်တစ်ကြိမ် သို့မဟုတ် ခုနစ်ရက်တစ်ကြိမ် ပြုလုပ်ပေးရကြောင်း သိရသည်။

စပ်မျိုးပြောင်း(CP) သည် တံဆိပ်ခုနစ်မျိုးခန့်ရှိပြီးတစ်ဖူးတည်းပါသည့်မျိုးနှင့် နှစ်ဖူးပါသည့် မျိုးတို့ရှိကြရာ စပ်မျိုးပြောင်းစိုက်ပျိုးတောင်သူများအားသာရာမျိုးကို စိုက်ပျိုးကြပြီး တပို့တွဲနှင့် တပေါင်းလတို့တွင် (CP) ပြောင်းများချိုးကြပြီး နေလှန်းကာ အရောင်းချကြ ကြောင်း သိရသည်။

စပ်မျိုးပြောင်းဖူးအခွံခွာခြင်းကို ပြောင်းဖူးဖက်လိုအပ်သူများကခွာယူပြီး ဖက်ယူကြကြောင်း၊ စိုက်ခင်းမှအဖူးချိုးချိန် အလုပ်သမားတစ်ဦး တစ်နေ့ကုန် ကျပ် ၄၀၀၀ ပေးရကာ အရောင်းချခြင်းကို စက်ဖြင့်ခြွေကြကြောင်း ဝလဝကျေးရွာ စပ်မျိုးပြောင်းစိုက်ပျိုးသူ ဒေါ်ဇာဇာက ရှင်းပြသည်။

ယမန်နှစ်ကစပ်မျိုးပြောင်းပေါ်ဦးပေါ်ဖျား တစ်တင်းလျှင်ကျပ် ၇၂၀၀ ရှိခဲ့ကာ ယခုနှစ် ပေါ်ဦးပေါ်ဖျား စပ်မျိုးပြောင်းတစ်တင်းလျှင် ကျပ် ၉၂၀၀ ဖြင့် ရောင်းချနေရကြောင်း၊ စပ်မျိုးပြောင်းတစ်တင်းလျှင် ၁၈ ပိဿာရှိကာ စပ်မျိုးပြောင်းစိုက်ပျိုးကြသူများ အောင်မြင်ဖြစ်ထွန်းကြပြီး ဈေးကောင်းရရှိနေကြကြောင်း စပ်မျိုးပြောင်းစိုက်ပျိုးသူများထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်လိုသူများ၏ လုပ်ရပ်ကြောင့် လမ်းများပိတ်ဆို့ပျက်စီးမှုများအား ပြုပြင်ဆောင်ရွက်



ရန်ကုန် မေ ၆

ရန်ကုန်မြို့အတွင်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများက အများပြည်သူသွားလမ်းများပေါ်တွင် လမ်းပိတ်အတားအဆီးများပြုလုပ်ထားခြင်း၊ လမ်းများပေါ်တွင် အစိုးရဆန့်ကျင်စာတန်းများ ဆေးဖြင့်ရေးဆွဲထားခြင်း၊ အများပြည်သူလမ်းဖြတ်ရေမြောင်း Box Culvert များအား ဖွင့်ထားခြင်းကြောင့် ပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများပူးပေါင်း၍ ယန္တရားများ၊ မြေသယ်ယာဉ်များ အသုံးပြုကာ ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှင်းလင်းရာတွင် ယနေ့နံနက်ပိုင်းက သာကေတမြို့နယ် (၆) အနောက်ရပ်ကွက် (၇)ဈေးလမ်း၊ ဝေဇယန္တာ(၁၁)လမ်းထိပ်ရှိ သဲအိတ်များ၊ ဝါးကပ်များ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြိတ်လမ်း၊ မင်းရဲကျောင်းပုံလမ်း၊ ရိုးမရိပ်သာလမ်း၊ အမှတ်(၂၁) ရပ်ကွက်နှင့် အမှတ်(၁၀၅)ရပ်ကွက်အတွင်း လမ်းများရှိ ဝါးလုံးများ၊ ဝါးကပ်များ၊ သဲအိတ်များ၊ တာမွေမြို့နယ် ဗညားဒလလမ်းနှင့် အောင်ဇေယလမ်းထောင့်၊ အစိုးကုန်းလမ်း၊ ပျားရည်ကုန်းလမ်းရှိ သဲအိတ်များ၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၉၄)ရပ်ကွက် ပီတောက်လမ်း၊ ယုဇနဥယျာဉ်မြို့တော် အိမ်ရာ အေ(၆)(၇)(၈)(၁၀)လမ်းထိပ်ရှိ သဲအိတ်များ၊ ဝါးကပ်များအား သိမ်းဆည်းရှင်းလင်းခြင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းဆုံရှိ လမ်းဖြတ်ရေမြောင်း Box Culvert ဖွင့်လှစ်ထားခြင်းအား ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းတို့ကြောင့် ပြည်သူများ လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လှော်ကားလမ်း၊ မောင်းမကန်ကမ်းသာလမ်း၊ စည်ပင်လမ်း၊ ပြည်ထောင်စုလမ်းနှင့် လမ်းသွယ်များတွင် ဆေးဖြင့်ရေးဆွဲထားသည့် အစိုးရဆန့်ကျင်သည့် စာတန်းများကိုလည်း ဖျက်သိမ်းရှင်းလင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အနုပညာ

# ဆောင်းဟေကိုနှင့် ဂျန်ကီယွန်းတို့၏ ရုပ်ရှင်သစ်တွင် ဆယ်ဟွန်းနှင့် ယူရာတို့ တွဲဖက်ပါဝင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦး ဖြစ်သူ ဆောင်းဟေကိုနဲ့ မင်းသား ဂျန်ကီယွန်းတို့ခေါင်းဆောင်တွေအဖြစ် ပါဝင်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင်သစ်မှာ အတူတွဲဖက်ပါဝင်သွားကြမယ့် ဇာတ်ပို့မင်းသားနဲ့ မင်းသမီးကို လတ်တလောမှာ အတည်ပြုခဲ့ပြီ ဖြစ်ပါတယ်။ သူတို့ကတော့ အမျိုးသားတေးဂီတအဖွဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆယ်ဟွန်းနဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Girl's Day ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယူရာတို့ဖြစ်ကြကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဆယ်ဟွန်း | ယူရာ | ဆောင်းဟေကို | ဂျန်ကီယွန်း

ဆောင်းဟေကိုနဲ့ ဂျန်ကီယွန်းတို့ဟာ Now, We Are Breaking Up လို့ ယာယီအမည်ပေးထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်သစ်မှာ အတူတွဲဖက် သရုပ်ဆောင်ကြမှာပါ။ အဆိုပါ ဇာတ်လမ်းတွဲမှာ ဇာတ်ပို့သရုပ်ဆောင်တွေအဖြစ် ဆယ်ဟွန်းနဲ့ ယူရာတို့ ပါဝင်သွားမှာဖြစ်ကြောင်း သူတို့ရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေက မေ ၆ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲမှာ အဓိက ဇာတ်ဆောင်တွေအဖြစ် ဆောင်းဟေကိုနဲ့ ဂျန်ကီယွန်းတို့အပြင် ချွိုင်ဟီးစိုးနဲ့ ကင်ဂျိုဟွန်းတို့လည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။ ယင်းဇာတ်လမ်းတွဲမှာ အချစ်ဇာတ်လမ်းတွေကို တွေ့မြင်ရမှာဖြစ်သလို လမ်းခွဲလိုက်ရတဲ့ ဇာတ်လမ်းအစုံကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲမှာ ဆောင်းဟေကိုဟာ ကျော်ကြားတဲ့ ဖက်ရှင်ဒီဇိုင်း ပညာရှင်တစ်ဦးအဖြစ် ပါဝင်ထားတာပါ။ ဆောင်းဟေကိုနဲ့အပြိုင် မင်းသား ဂျန်ကီယွန်းက အဓိက အမျိုးသားဇာတ်ဆောင်အဖြစ် ပါဝင်ထားပြီး သူပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ ချမ်းသာတဲ့ အလွတ်တမ်းဓာတ်ပုံဆရာတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် ဒီဇာတ်လမ်းတွဲမှာတော့ ဖက်ရှင်ဒီဇိုင်နာတစ်ဦးနဲ့ ဓာတ်ပုံဆရာတစ်ဦး အကြားက အချစ်ဇာတ်လမ်းကို ခံစားကြရမှာပါ။ ချွိုင်ဟီးစိုးကတော့ ဒီဇိုင်းအဖွဲ့ခေါင်းဆောင်ဖြစ်ပြီး ဆယ်ဟွန်းကတော့ ဒီဇိုင်နာသစ်တစ်ဦးပါ။ ယူရာကတော့ လူမှုကွန်ရက်မီဒီယာမှာ ဖော်လိုဝါများစွာရှိတဲ့ ကြယ်ပွင့်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲကို မေလအတွင်း စတင်ရိုက်ကူးဖို့ရာ စီစဉ်ထားပြီး SBS ရုပ်သံလိုင်းကနေ ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

# အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်ထားတဲ့ ဝင်ဒီ

ကျော်ကြားတဲ့ ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဝင်ဒီဟာ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ Red Velvet ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာ သူဟာ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ပေးခဲ့ပြီး အဆိုပါ တေးအယ်လ်ဘမ်ဟာ ကမ္ဘာတစ်ဝန်းက အိုင်ကျွန်းတေးဂီတဇယားအချို့ကို ဦးဆောင်ထားနိုင်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၅ ရက်မှာဝင်ဒီဟာသူ့ရဲ့ပွဲဦးထွက်တစ်ကိုယ်တော်တေးအယ်လ်ဘမ် Like Water ကို စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါတေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ပြီးနောက် ၂၄ နာရီအတွင်း ကမ္ဘာတစ်ဝန်းက နိုင်ငံနဲ့ ဒေသ ၃၀ မှာရှိတဲ့ အိုင်ကျွန်းတေးဂီတဇယားတွေမှာ နံပါတ်တစ်နေရာရနေကြောင်း သိရပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်ဟာ ဒေသတွင်းနိုင်ငံတွေဖြစ်ကြတဲ့ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်းတို့အပြင် ဩစတြေးလျ၊ မကာအို၊ ပီရူး၊ ဘရာဇီး၊ ကာဇက်ကစ်စတန်၊ တူရကီ၊ ဂွါတီမာလာ စတဲ့ နိုင်ငံတွေနဲ့ အခြားဒေသနဲ့ နိုင်ငံတွေရဲ့ အိုင်ကျွန်းတေးဂီတဇယားတွေကိုလည်း ဦးဆောင်ထားတာဖြစ်ပါတယ်။ ဒေသတွင်းမှာလည်း အဆိုပါ တေးအယ်လ်ဘမ်ဟာ တေးဂီတဇယားအချို့မှာ နံပါတ်တစ်နေရာ ရယူထားနိုင်တာ တွေ့ရပါတယ်။



အေးပြည့် – စုစည်းသည်

# ပထမသီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးသော အယ်လ်ဘမ်အဖြစ် မှတ်တမ်းတင်ခဲ့တဲ့ ဘတ်ဟွန်းရဲ့ Bambi

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘတ်ဟွန်းဟာ လတ်တလောမှာ စံချိန်သစ်တင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ သူဟာ အနုပညာသက်တမ်းတစ်လျှောက် မှတ်တမ်းသစ်တစ်ခုကို တစ်ကိုယ်တော်တေးသံရှင်အဖြစ်နဲ့ ရရှိခဲ့တာလည်း ဖြစ်ပါတယ်။


မကြာသေးမီက စတင်ထုတ်လွှင့်ပေးခဲ့တဲ့ ဘတ်ဟွန်းရဲ့ တေးအယ်လ်ဘမ်သစ် Bambi ဟာ စတင်ထုတ်လွှင့်ခဲ့တဲ့ သီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်အဖြစ် စံချိန်သစ်တင်ခဲ့တာဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၃၀ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါ တေးအယ်လ်ဘမ်ဟာ ပထမသီတင်းပတ်အတွင်း တေးအယ်လ်ဘမ်ပေါင်း ၈၆၈၈၄၀ ရောင်းချခဲ့ရပြီး ဒါဟာ တစ်ကိုယ်တော်တေးသံရှင်တွေအနက် တေးအယ်လ်ဘမ်အများဆုံးရောင်းချခဲ့ရတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါ တေးအယ်လ်ဘမ်သစ်ရဲ့ ရောင်းအားဟာ ပြီးခဲ့တဲ့ မေလအတွင်း ထုတ်လွှင့်ခဲ့တဲ့ ဘတ်ဟွန်းရဲ့ ဒုတိယမြောက်မီနီတေးအယ်လ်ဘမ် Delight ရဲ့ စံချိန်တင်ရောင်းအားကို ကျော်လွန်ကာ စံချိန်သစ်ချိုးခဲ့တာလည်း ဖြစ်ပါတယ်။ Bambi ဟာ အာရန်ဘီတေးဂီတအမျိုးအစားတေးသီချင်းတွေပါဝင်ကာ သီချင်းတွေအားလုံး အချစ်နဲ့ပတ်သက်တဲ့ ခံစားချက်တွေကို ရေးသီထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်ဟာ ဒေသတွင်းမှာသာမက နိုင်ငံတကာမှာလည်း အောင်မြင်မှုရရှိခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းနိုင်ငံနဲ့ ဒေသ ၆၀ ခန့်မှာရှိတဲ့ အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့တာလည်း တွေ့ရပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံက ဒစ်ဂျစ်တယ် တေးအယ်လ်ဘမ်ဇယားအချို့ကိုလည်း ဦးဆောင်ထားနိုင်ပြီး ဒေသတွင်းမှာရှိတဲ့ တေးဂီတဇယားအတော်များများမှာလည်း နံပါတ်တစ်နေရာ ရယူနိုင်ခဲ့တာကို တွေ့ရပါတယ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော | ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅ |
| (၂) | ဒေါ်အေးအေးကြည် | ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆ |

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

## ဒမ်ဘီလီရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ ဗယ်လာဒိုးလစ်ကို အနိုင်ရပြီး စပိန်လာလီဂါအမှတ်ပေးဇယားအဆင့် ၂ နေရာသို့ ဘာစီလိုနာ တက်လှမ်း



စပိန်လာလီဂါပွဲစဉ် ၂၉ အဖြစ် ဘာစီလိုနာအသင်းနဲ့ ဗယ်လာဒိုးလစ်အသင်းတို့ ယမန်နေ့ ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက တိုက်စစ်မှူး ဒမ်ဘီလီရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ ဗယ်လာဒိုးလစ်အသင်းကို အနိုင်ရရှိခဲ့ပါတယ်။

ဘာစီလိုနာအသင်းဟာ ဗယ်လာဒိုးလစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပွဲစဉ် ၂၉ ပွဲယှဉ်ပြိုင်ကစားအပြီးမှာ ရမှတ် ၆၅ မှတ်နဲ့ စပိန်လာလီဂါ အမှတ်ပေးဇယားအဆင့် ၂ နေရာသို့ တက်လှမ်းနိုင်ခဲ့ပြီး လက်ရှိမှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတဲ့ အက်သလက်တီကို မက်ဒရစ်အသင်းနဲ့ တစ်မှတ်ကွာ အနေအထားကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းနဲ့ ဗယ်လာဒိုးလစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ဗယ်လာဒိုးလစ်အသင်းဟာ ပွဲကစားချိန် ၇၉ မိနစ်မှာ အော်စကာပလာနို တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာကြောင့် ကစားသမားတစ်ဦးလျော့နဲ့ ကစားခဲ့ရကာ ပွဲကစားချိန် မိနစ် ၉၀ မှာ တိုက်စစ်မှူး ဒမ်ဘီလီရဲ့ သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရတာဖြစ်ပါတယ်။

ဗယ်လာဒိုးလစ်အသင်းဟာ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပွဲစဉ် ၂၉ အပြီးမှာ ရမှတ် ၂၇ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့် ၁၆ နေရာမှာ ရပ်တည်ခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် ဧပြီ ၁၇ ရက်မှာ ဘီဘာအိုအသင်းနဲ့ စပိန်ကိုပါဒယ်ရေးဖလား နောက်ဆုံးဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဗယ်လာဒိုးလစ်အသင်းကတော့ လာမယ့်ပွဲစဉ်အဖြစ် ဧပြီ ၁၁ ရက်မှာ ဂရန်နာဒါအသင်းနဲ့ စပိန်လာလီဂါပွဲစဉ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

■ ဝုလ်ဗာဟမ်တန်မှ

အခုပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ လင်ဂတ်ကတော့ အခုနှစ်ဘောလုံးရာသီမှာ ဝက်စ်ဟမ်းအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ်ရှစ်ပွဲမှာ ကိုးဂိုးအထိ တိုက်ရိုက်ပတ်သက်နေပြီး ခြောက်ဂိုးသွင်းယူပေးထားကာ သုံးဂိုးဖန်တီးပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်ပွဲစဉ် ၃၀ အပြီးမှာ အမှတ်ပေးဇယားအဆင့် ၄ နေရာသို့ တက်လှမ်းခွင့်ရရှိထားတာကြောင့် ရာသီကုန်မှာ အဆင့် ၄ နေရာနဲ့ အဆုံးသတ်ကာ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိရေး မျှော်လင့်ထားတာ ဖြစ်ပါတယ်။

## အေစီမီလန်အသင်းတိုက်စစ်မှူး အီဘရာဟီမိုဗစ် တစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုမည်

အေစီမီလန်အသင်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၃၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အခုနှစ်ဘောလုံးရာသီမှာ အေစီမီလန်အသင်းနဲ့အတူ အီတလီစီးရီးအေပြိုင်ပွဲမှာ သွင်းဂိုး ၁၅ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

အီဘရာဟီမိုဗစ်အနေနဲ့ အေစီမီလန်အသင်းနဲ့ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့မယ်ဆိုရင်လည်း အခုနှစ် ဘောလုံးရာသီမှာ ရရှိနေတဲ့ လုပ်ခလစာအတိုင်းရရှိမှာဖြစ်ပြီး လက်ရှိမှာ တစ်နှစ်လုပ်ခလစာ ယူရိုခုနစ်သန်း ရရှိနေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အေစီမီလန်အသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ဆွီဒင်နိုင်ငံ လက်ရွေးစင်အသင်းကလည်း နိုင်ငံအသင်းမှာ ပြန်လည်ပါဝင်လာဖို့ ခေါ်ယူခဲ့ပြီး နိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားယူခဲ့တာ ငါးနှစ်ကြာပြီးနောက် နိုင်ငံအသင်းနဲ့အတူ ပြန်လည်ပါဝင်လာခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက် အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း


၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



# ဘုရင့်နောင်ပွဲရုံများသို့ အခြေခံစားသောက်ကုန်နှင့် ကုန်ခြောက်များ ကုန်းလမ်း၊ ရေလမ်းတို့မှ ပုံမှန်ဝင်ထွက်လျက်ရှိ

ရန်ကုန် မေ ၆

ရန်ကုန်မြို့၌ လမ်းမကြီးများနှင့် ရပ်ကွက်လမ်းသွယ်များအထိ ပူးပေါင်းရှင်းလင်းရေးအဖွဲ့များက စဉ်ဆက်မပြတ် ရှင်းလင်းဆောင်ရွက်နိုင်ခြင်းကြောင့် မြို့တော် စည်ပင်ဈေးများသည်လည်း ယခုအခါ ပုံမှန်ဖွင့်လှစ်ပြီး ပိုမိုစည်ကားလာသည့်အတွက် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံရှိ ကုန်ခြောက်မျိုးစုံပွဲရုံလုပ်ငန်းများအနေဖြင့် ဈေးနှုန်းတည်ငြိမ်စွာ ကုန်စည်များ ယခင် ပုံမှန်အတိုင်း စီးဆင်းလျက်ရှိကြောင်းကို ဘုရင့်နောင်ပွဲရုံလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ☆

## ကြေးမုံ ယနေ့ ဖတ်စရာ

မြောက်ကိုရီးယားနိုင်ငံက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် အိုလံပစ်ပြိုင်ပွဲသို့ အားကစားသမားများ စေလွှတ်မည်မဟုတ်ဟုဆို

စာမျက်နှာ » ၁၂

လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

စာမျက်နှာ » ၁၇

ဒမ်ဘီလီရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ ဗယ်လာဒိုးလစ်ကို အနိုင်ရပြီး စပိန်လာလီဂါ အမှတ်ပေးဇယားအဆင့် ၂ နေရာသို့ ဘာစီလိုနာတက်လှမ်း

စာမျက်နှာ » ၂၉

# ဝုလ်ဗာဟမ်တန်ကို အနိုင်ရပြီး ပရီမီယာလိဂ်အဆင့် ၄ နေရာသို့ ဝက်စ်ဟမ်းတက်လှမ်း

ဝုလ်ဗာဟမ်တန်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ မေ ၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၃၀ မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဝက်စ်ဟမ်းအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အဆင့် ၄ နေရာသို့ တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းဟာ ပွဲကစားချိန် ခြောက်မိနစ်မှာ လင်ဂတ်ရဲ့သွင်းဂိုး၊ ပွဲကစားချိန် ၁၄ မိနစ်မှာ ဖော်နယ်လ်ရဲ့ သွင်းဂိုးနဲ့ ပွဲကစားချိန် ၃၈ မိနစ်မှာ ဘိုဝင်ရဲ့သွင်းဂိုးတို့ ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာ အိမ်ရှင် ဝုလ်ဗာဟမ်တန်အသင်းဟာ ပွဲကစားချိန် ၄၄ မိနစ်မှာ ဒန်ဒွန်ကာရဲ့ သွင်းဂိုးနဲ့ ပွဲကစားချိန် ၆၈ မိနစ်မှာ ဖေဘီယိုဆေးလ်ဗားရဲ့ သွင်းဂိုးတို့ ရရှိခဲ့တာကြောင့် ချေပဂိုး နှစ်ဂိုးပြန်လည်ရရှိခဲ့ပါတယ်။

ဝက်စ်ဟမ်းအသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ အဝေးကွင်းပွဲစဉ် ခုနစ်ပွဲအထိ နိုင်ပွဲရရှိခဲ့တာဖြစ်ပြီး ၁၉၉၃-၁၉၉၄၊ ၂၀၀၅-၂၀၀၆ နဲ့ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွေမှာလည်း ပရီမီယာလိဂ်အဝေးကွင်းပွဲစဉ် ခုနစ်ပွဲအထိ နိုင်ပွဲရရှိခဲ့ဖူးတာ ဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းကတော့ ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်အိမ်ကွင်းပွဲစဉ်ခြောက်ပွဲအထိ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။

စာမျက်နှာ ၂၉ ကော်လံ ၅ သို့ ■

